


# မိုးကုတ်ပိဋကတ်တိုက်ကျောင်းတော်
# အလှူရေစက်ချအခမ်းအနား
# အထိမ်းအမှတ်

၁-၁-၂၀၀၅

မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားတော်မူသော

# အမြင်မတူသရွေ့ ရန်ချည်ပွားနေမှာပဲ

## သောတာပန်အမြင်

(၂၈၀)

ဟောကြားသည့်နေ့

၁-၁၁-၅၅

0222

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# အမြင်မတူသရွေ့ ရန်ချည်ပွားနေမှာပဲ

(သောတာပန်အမြင်)

THITSARPARAMI LIBRARY
Date ..........................

ဟောကြားသည့်နေ့
(၁-၁၁-၅၅)

## အဂ္ဂမဟာပဏ္ဍိတ
## မိုးကုတ်ဆရာတော်ဘုရားကြီးအပေါ်
## ကျေးဇူးရှင်မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး၏
## သဘောထားမှတ်ချက်

၁။ ကောဇာသက္ကရာဇ် ၁၃၃၇ ခု၊ တပေါင်းလပြည့်ကျော် (၁)ရက်နေ့ (၁၉၆၇ ခု၊ မတ်လ)ညတွင် ရန်ကုန်မြို့သာသနာ့ရိပ်သာ ဖန်ယဉ်ဓမ္မာရုံကြီး၌ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင်ချုပ်ကျေးဇူးရှင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ ဟောကြားတော်မူခဲ့သော တရားတော်မှ ဖြစ်ပါသည်။

မန္တလေးမှာ ဘုန်းကြီးများနဲ့ ရင်းနှီးတဲ့ ဒကာတစ်ယောက်နဲ့ စကားပြောကြတဲ့အခါကျတော့ - ဆရာတော်တဲ့၊ တပည့်တော် တရားပွဲစုံစုံရောက်ဖူးတယ်တဲ့၊ ပြောစမ်းပါဗျာ ဘယ်တရားပွဲတွေလဲ?။

ဟာ . . . ဆရာကြီး ဦးလှသိန်းတရားပွဲကိုလည်း ရောက်တယ်၊ ဘာတွေတွေ့သတုံးဗျာ . . . ? ဟာ . . . ပရိသတ်ကတော့၊ ပြ(၄)ပြလောက် ပရိသတ်ကိုတွေ့တယ်၊ ပြီးတော့ကောဗျာ . . . ?

ပြီးတော့ ဝိဇ္ဇောရဆရာတော်တို့ အနီးစခန်း ဆရာတော်တို့ တရားပွဲတွေ တပည့်တော်ရောက်တယ်၊ အဲ့ဒီကျ တော့ မဏ္ဍပ်တစ်လုံးပဲ၊ မဏ္ဍပ်လျှံရုံပဲရှိတယ်။ ပြီးတော့ ကောဗျာ . . . ?

အဲဒီတုန်းကတော့၊ မိုးကုတ်ဆရာတော်က မန္တလေးမှာ စခါစရှိသေးတယ်၊ မိုးကုတ်ဆရာတော်ရဲ့ တရားပွဲကို အောင်တော်မူမှာတပည့်တော်သွားပြီး တရားနာတယ်ဘုရားတဲ့၊ (၁၅)ယောက်၊ အယောက်(၂၀)လောက်ပဲရှိတယ်။

ပြီးတော့ကော ကိုခင်မောင်လို့ ဆိုတော့၊ တပည့်တော် အဲ့ဒီလောက်ပဲ ရောက်ဖူးတယ်တဲ့၊ ပြီးပြီလား . . . ?၊ ပြီးပါပြီ ဘုရားတဲ့။

အေး. . . ကောင်းပြီ၊ ဆရာကြီးဦးလှသိန်းက တရားဟော လိုက်တယ်ဆိုရင် ပရိသတ်ရဲ့ အကဲကိုတယ်ပြီးသိတာကိုး၊ ဒီပရိသတ်ခြောက်သွေ့နေတယ်ဆိုရင်၊ ဒီကနေပြီးတော့ ဓမ္မသံဝေဂ လေးချိုးကြီးများ ရွတ်ပြီးတော့ ပေးလိုက်တဲ့အခါ ကျတော့၊ ဟို . . . ရုပ်ရှင်သွားမယ့်လူတွေရော၊ အငြိမ့်ပွဲ၊ ဇာတ်ပွဲသွားမယ့်လူတွေရော၊ သူတို့နားထောင်ချင်တာ၊ ဒီမှာ ရှိတယ်ထင်ပြီးတော့၊ အဲ့ဒီ (၄)ပြပေါက်လောက်ရှိလာတာပဲဗျ။

တရားပွဲပြီးတဲ့အခါကျတော့၊ ရုပ်ရှင်သွားမယ့်လူတွေက လည်း၊ နောက်ရုပ်ရှင်သွားမြဲသွားတယ်၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲ ကိုလည်း သွားမြဲသွားတယ်။

တရားနာရကောင်းစေလို့၊ သိလာတဲ့လူ၊ မဏ္ဍပ်တစ်လုံး စာကတော့ ဝိဇ္ဇောစာရ ဆရာတော်တို့၊ အနီးစခမ်း ဆရာတော်တို့ ၊ ဘုန်းကြီးတို့တရားပွဲတွေမှာ နာတာပေါ့။

အဲ့ဒီတရားပွဲမှာလည်း၊ ဘုန်းကြီးတွေက အလှူဆိုအလှူပွဲနဲ့တန်အောင် ဥပုသ်ဆို ဥပုသ်တရားနဲ့တန်အောင် သင့်လျော်အောင် တရားတွေ ရွေးပေးပြီးတော့ အမျိုးမျိုးဟောရတယ်။

တရားနာတဲ့ပရိသတ်က၊ ဟာ . . . တို့တော့တရားအားထုတ်မှဖြစ်မယ် ဒီတော့တရားသက်သက်ကို အားထုတ်ချင်တယ်ဆိုတော့၊ ထိုထိုကမ္မဋ္ဌာန်းဌာနတွေ၊ ရိပ်သာတွေမှာသွားပြီး တရားအားထုတ်ကြလို့၊ မဏ္ဍပ်ကြီး တစ်လုံးထဲက ဆန်ခါတင် လူတစ်ရာလောက်ပေါ့ဗျာ၊ အဲ့ဒီလိုရိပ်သာသွားကြတယ်။

တစ်ခါရိပ်သာကျပြန်တော့လည်းပဲ၊ ကျင့်စဉ်အတိုင်း ကျင့်လို့ ပြီးပြီဆိုတော့၊ ဈေးရောင်းတဲ့ပုဂ္ဂိုလ်ကလည်း ဈေးပြန်ပြီး ရောင်း၊ ပုတီးလေးနဲ့ပေါ့။

သို့သော် တချို့ကတော့၊ ဈေးကိုမရောင်းချင်တော့ဘူး၊ တစ်ခါတည်းဆက်ပြီးတော့ တရားနဲ့ပဲ၊ နှလုံးသွင်းချင်တဲ့ ပုဂ္ဂိုလ်က ဘယ်သွားပြန်သတုံးဆိုတော့ ဆရာတော်ဦးဝိမလဆီသွားတာပေါ့၊ အဲဒီလို (၁၅)ဦး၊ ဦး(၂၀)ဖြစ်တာပေါ့။

သို့သော် ကိုခင်မောင်ကို ဘုန်းကြီးပြောချင်တယ်ဆိုတော့ . . . ဘယ်လိုတုံးဘုရားတဲ့။

အေး . . . စာပေ ပရိယတ္တိနဲ့ နေကြတဲ့ မိုးကုတ်ဆရာတော်ဦးဝိမလတို့ နှလုံးသွင်းပုံဟာ၊ အဲဒီပရိသတ်ကို ဟောတဲ့ တရားအထက်နားမှာ၊ တစ်ထွာလောက်၌ ရှိတယ်လို့ မှတ်ပြီး ထားစေချင်တယ်။

ဆရာတော်ဘာပြောတာလည်းဘုရား . . ?၊ ဟာ . . စာပေနဲ့နေတဲ့ပုဂ္ဂိုလ်များက တရားနှလုံးသွင်းတယ်ဆိုတာ ဟာ အခုပြောသလိုပဲ ကမ္မဋ္ဌာန်းစီးဖြန်းတော့ . . . စက္ခုံအနိစ္စံ ဒုက္ခံ အနတ္တံ၊ နေတံမမ၊ နေသောဟသ္မိ၊ နမေသောအတ္တာ၊ သောတံကာယံ ဇိဝှာယော မနောအနိစ္စာ ဒုက္ခာ၊ အနတ္တာ နေတံမမ နေသောဟသ္မိ၊ နမေသောအတ္တာ၊ (မိုးကုတ်ဆရာတော် ဦးဝိမလက) ပါဠိကိုသိသကိုးဗျ . . .။

ဒီလိုသိတော့ သူက ပါဠိက ရွတ်လို့လည်းပဲ၊ သဘာဝ ဝိယုတ္တိဆိုတာ အရသာတစ်မျိုးရှိတယ်၊ ဓမ္မပီတိလည်းဖြစ်တယ်၊ ဒီဓမ္မရသအတ္တရသ ပါဠိကပိုပြီး အရသာပေါ်တယ်။

အဲဒါကြောင့် စာချတဲ့ဆရာတော်တွေ နှလုံးသွင်းတာက ဆရာတော်ဦးဝိမလက လူတွေကို နှလုံးသွင်းခိုင်းတာရဲ့ အထက်နားတစ်ထွာလောက်မှာ ရှိတယ်၊ မိုးကုတ်ဆရာတော်က။

၂။ ကောဇာသက္ကရာဇ် ၁၃၃၉ ခု၊ နယုန်လပြည့်ကျော် (၁၃)ရက် (၁၃-၆-၁၉၇၇) တနင်္လာနေ့ ည(၇)နာရီတွင် ကြို့ပင်ကောက်မြို့၊ မဟာလောကသိရီဘုရားကြီး သံတန်ဆောင်းအတွင်း၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ်၊ ကျေးဇူးရှင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဟောကြားတော်မူခဲ့သော တရားတော်မှ ဖြစ်ပါတယ်။

တရားနာပရိသတ်က အကြိုက်(၅)မျိုးရှိကြတယ်၊ ဘယ်သူတွေလည်းဆိုတော့။

၁။ သဒ္ဒပသန္နဆိုတာ အသံကောင်းတာကိုမှကြည်ညိုတာ၊ အသံနေအသံထားကြည်ညိုတဲ့ ပရိသတ်ပေါ့။ နိဗ္ဗာန်မဂ်ဖိုလ်တော့၊ မရနိုင်ပါဘူး။

၂။ ရူပ ပသန္နဆိုတာ ရုပ်ရေအဆင်းကိုကြည်ညိုတာ၊ ဓမ္မကထိက ကိုယ်တော်ရဲ့ ရုပ်ဆင်းအင်္ဂါ ဥပဓိရှိတာကိုကြည်ညိုတဲ့ပရိသတ်၊ သူလည်းမဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ပါဘူး။

၃။ ဂုဏပသန္နဆိုတာ ဂုဏ်ရှိတဲ့ ဓမ္မကထိကကိုမှကြည်ညိုတာ၊ ဘွန်းကြီးကိုပဲ ဆိုကြပါစို့၊ ဒီဘွန်းကြီးက တိပိဋကဓရတဲ့၊ အင်မတန်ဂုဏ်ရှိတယ်ဆိုပြီး ကြည်ညိုတဲ့ပရိသတ်၊ ဒီပရိသတ်မျိုးလည်း မဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ပါဘူး။

၄။ လူခ ပသန္နဆိုတာ ခြိုးခြိုးခြံခြံ အကျင့်ရှိသူကိုမှ ရွေးပြီး

ကြည်ညိုတာ၊ ဒီပရိသတ်မျိုးလည်း မဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ဘူး။
၅။ ဓမ္မပသန္နဆိုတာ တရားဓမ္မသက်သက်ကို ကြည်ညိုတာ။ အဲ့ဒါမျိုးကျတော့ အသံကိုလည်း ပမာနမထား၊ ရုပ်အဆင်းကိုလည်းမကြည့်၊ ဂုဏ်ကိုလည်းမငဲ့၊ ခေါင်းခေါင်ပါးပါးအကျင့်ကိုလည်း ဂရုမစိုက် ဓမ္မသက်သက်ကိုသာ ကြည်ညိုတဲ့ပရိသတ်မျိုး၊

အဲ့ဒီပရိသတ်မျိုးသာလျှင် ဒီဘဝမှာ တရားထူးရနိုင်တယ်တဲ့။

အဲဒီ ဓမ္မပသန္နပရိသတ်ဆိုတာကတော့ ဦးရေနည်းပါးလှပါတယ်။ အခုခေတ်ဥပမာပြရမယ်ဆိုရင် မိုးကုတ်တရားနာပရိသတ်တို့ကိုပဲပြရမှာပဲ။

အမရပူရမြို့ မဂ်လာတိုက်ဟောင်း မိုးကုတ်ဆရာတော်ကြီး ဦးဝိမလ၊ အဲဒီဆရာတော်ကြီး ဟောပြတဲ့ ဓမ္မတို့ကတော့၊ အလွန်အင်မတန်မှ ပီသလှပါပေတယ်၊ တစ်ထိုင်တည်းနဲ့ နိဗ္ဗာန်အရောက် ဦးတည် ပို့ပေးနိုင်တဲ့တရားတော်များလည်းဖြစ်ပါတယ်။

အဲဒီတရားတော်များကို ကြည်ညိုတဲ့ ပရိသတ်မျိုးမှပဲ ဓမ္မပသန္နပရိသတ်မျိုးလို့ ချီးကျူးကြရမှာပဲ။

ပြီးတော့ မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလ ဟောတဲ့တရားတော်များကလည်း။ ဘုန်းကြီးတို့ရဲ့ ခေါင်းပေါ်နှစ်တောင်လောက်ကျော်ပြီးသွားတဲ့တရားများ။

ဘာကြောင့်လဲဆိုတော့ ဘုန်းကြီးတို့ အခုပိဋကတ်သုံးပုံကို ဆောင်နိုင်နေတယ်၊ သိနေတယ်ဆိုတာက ဘယ်စာမျက်နှာ

မှာ ဘယ်အကြောင်းအရာတွေပါတယ်ဆိုတာ မှတ်ထားတာ သညာနဲ့ မှတ်တာပေါ့။

မိုးကုတ်ဆရာတော်ကြီးကတော့ ခန္ဓာကိုယ်ထဲမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာကို ပညာဉာဏ်နဲ့ ထိုးဖောက်ပြီး သိတာ၊ ပညာသိ၊ သိတာ။

၃။ ၁၉၈၂ ခုနှစ်ခန့်က မြစ်ဝကျွန်းပေါ်ဟင်္သာတမြို့၌ ကျွန်တော်တာဝန်ကျစဉ် ဆန်စက်ပိုင်ရှင်တစ်ဦးသည် မင်းကွန်း တိပိဋကဆရာတော်ဘုရားကြီး ကြွရောက်လာသောအခါ ဆရာတော်အား မေးခွန်းတစ်ပုဒ်မေးမြန်းလျှောက်ထားခဲ့ပါသည်။

**အမေး** "အရှင်ဘုရား မိုးကုတ်ဆရာတော်ကြီး မြန်မာလို ဟောကြားထားသော တရားတော်များသည် မြတ်စွာဘုရား ဟောကြားသော တရားတော်စစ်စစ်ဟုတ်ပါရဲ့လားဘုရား"ဟု လျှောက်ထားပါသည်။

**အဖြေ** မင်းကွန်းဆရာတော်ဘုရားက ဖြေကြားတော်မူသည်မှာ "ဒကာကြီး မိုးကုတ်ဆရာတော်ဦးဝိမလဟောကြားထားသော တရားတော်များထဲမှ ဒကာကြီး သံသယရှိတဲ့၊ မမှန်ကန်ဘူးလို့ ထင်တဲ့တရားတော်ကို ရွတ်ပြပါတဲ့ . . . ?။ ဘုန်းကြီးက ဘုရားဟောတရားတော် ပါဠိတော်၊ စစ်စစ်ဖြစ်

ကြောင်း ကျမ်းဂန်အကိုးအကားထုတ်ပြပါ့မယ့်" ဟု ဖြေကြားတော်မူခဲ့ပါသည်။

## ၄။ မိုးကုတ်ဆရာတော်ဘုရား၏ ဆုံးမစကား

မိုးကုတ်မြို့တွင် မိုးကုတ်ဆရာတော်ဘုရားသီတင်းသုံးနေစဉ်၊ မန္တလေးမြို့ ရဟန်းပျိုအဖွဲ့မှ သံဃာတော်တချို့ မိုးကုတ်မြို့သို့ ကြွလာကြပြီး ကန့်ကွက်ဆန္ဒပြကြပါသည်။ ထိုအခါ မိုးကုတ်မြို့သူမြို့သားများက မခံမရပ်နိုင်ဖြစ်နေကြသဖြင့် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ဥက္ကဋ္ဌကြီးဦးမြင့်နာယက၊ ကျောင်းအစ်မကြီးဒေါ်သန်းသန်းတို့က ဆရာတော်ထံလျှောက်ထားရာ၊ ဆရာတော်ဘုရားက ဒီကိစ္စမင်းတို့လုပ်တာလား၊ သူတို့လုပ်တာလားလို့မေးရာ၊ သူတို့လုပ်တာပါဘုရားဟု ဖြေကြားပါသည်။

ထိုအခါဆရာတော်ဘုရားက မင်းတို့ဟာ သူများရဲ့ကုသိုလ်ကိုတော့ ကိုယ့်ကုသိုလ်ဖြစ်အောင် မယူတတ်ဘူး၊ သူများရဲ့ အကုသိုလ်ကို ကိုယ့်အကုသိုလ်ဖြစ်အောင်တော့ယူတတ်တယ်၊ မင်းတို့ဟာ မင်းတို့နေတတ်အောင်နေပါ၊ မင်းတို့နဲ့မဆိုင်ဘူး၊ ကိုယ့်အကုသိုလ်မဖြစ်စေနဲ့ဟု ဆုံးမစကားမိန့်ကြားတော်မူခဲ့ပါသည်။

သူတော်ကောင်းရတနာ (၇)ပါးပြည့်ဝကြပါစေ . . .

၁၂-၁၂-၂၀၀၄ ဆရာဦးစောလှိုင်

အတွင်းရေးမှူး

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# အမြင်မတူသရွေ့ ရန်ချည့်ပွားနေမှာပဲ
# (သောတာပန်အမြင်)

ဟောကြားသည့်နေ့ (၁-၁၁-၅၅)

ဒီနေ့ဟောရမည့် တရားသည် ဒကာ ဒကာမတို့ သောတာပန်တည်တဲ့ ပုဂ္ဂိုလ်များမှာ ဤ(၇)ချက်ရှိရမယ် . . . (မှန်ပါဘုရား)၊ သောတာပန်တည်တဲ့ ပုဂ္ဂိုလ်များမှာ ယခု ဟောလတ္တံ့ (၇)ချက်ရှိရမယ် . . . (မှန်ပါဘုရား)။

အဲ့ဒီ (၇)ချက်နဲ့ ပြည့်စုံခဲ့လို့ရှိရင် ဘယ်သူ့မှ မေးနေစရာ မလိုတော့ဘူး၊ ကိုယ့်ဟာကိုယ် သောတာပန်တည်ကြောင်း ကိုယ်ကိုယ်တိုင် ကောင်းကောင်းသိတယ်ဆိုတဲ့ ဥစ္စာ ဟောလိမ့်မယ် . . . . (မှန်လှပါဘုရား)။

## ကောသမ္ဗီပြည်မှ သီတင်းသုံးနေတယ်

ဘယ်နေရာမှာ အကြောင်းပြုပြီး သကာလ ဟောပါလိမ့် မလဲလို့ဆိုလို့ရှိရင်ဖြင့် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး ကောသမ္ဗီပြည်မှာ သီတင်းသုံးနေတုန်း၊ ကောသမ္ဗီပြည်မှာ ရဟန်းနှစ်ဖက်က ကွဲပြီး အချင်းများပြီး သကာလ တစ်ယောက် နဲ့ တစ်ယောက် စကားများ၊ ငြင်းခုန်ကြ၊ တစ်ယောက်မျက်နှာ တစ်ယောက်မကြည့်နိုင်လောက်အောင်ပဲ နှစ်ဖက်က ကွဲပြီး သကာလ ရန်ပွဲကြီးဆင်နေကြတယ် . . . (မှန်လှပါဘုရား)။

## ရန်ပွဲကြီးဆင်နေတယ်

အဲ့ဒီကဲ့သို့ ရန်ပွဲကြီး ဆင်ပြီးသကာလ နေတဲ့အခါမှာ တခြား ရဟန်းတွေကလည်း ရှိပြီးသကာလနေတော့ အမျိုးမျိုး အခြားရဟန်းတွေက အရှင်ဘုရားတို့ ဒီလိုသာသနာဘောင်မှာ တစ်ယောက်နဲ့တစ်ယောက် စကားများ၊ တစ်ယောက်နဲ့ တစ်ယောက် မျက်နှာမကြည့်နိုင်လောက်အောင် တစ်ယောက် တစ်ယောက်သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ပြုံးခြင်း ရွှင်ခြင်းမှ မပြုနိုင်ကြလို့ရှိရင်ဖြင့် တစ်ယောက်မသိတာ တစ်ယောက်ကမေး၊ တစ်ယောက်က ဖြေဖို့အရေး ဘယ်နည်းနဲ့မှ ထွက်ရပ်လမ်းကို ကူညီဖို့ အရေးဟာ ဝေးသာဝေးတော့တယ်. . . (မှန်ပါဘုရား)။

## တစ်ယောက်မျက်နှာ တစ်ယောက်မကြည့်နိုင်

ဒါကြောင့် အရှင်ဘုရားတို့သည် ဤကဲ့သို့ တစ်ယောက်မျက်နှာ တစ်ယောက်မကြည့်နိုင်ခြင်း၊ စကားလက်ဆုံမကျခြင်း၊ နှုတ်လှံပြန်ထိုးပြီး သကာလ နင်တစ်ခွန်း၊ ငါတစ်ခွန်းနဲ့ပြောခြင်း၊ အလုပ်တွေကို အရှင်ဘုရားများ လျှော့ကြပါလို့ အခြားရဟန်းတွေက ဆိုကြတယ် . . . (မှန်လှပါဘုရား)။

ထိုသို့ပင်ဆိုကြငြားသော်လည်း၊ အခြားရဟန်းတွေ ဘယ်လိုပင် ပြောငြားသော်လည်း တစ်ဖက်ကလည်း ဒေါသနဲ့၊ တစ်ဖက်ကလည်း ဒေါသနဲ့ဆိုတော့ ဖြေဖျောက်လို့မရနိုင်အောင် ဖြစ်နေတယ် . . . (မှန်ပါဘုရား)။

## ဘုရားထံသွားပြီးလျှောက်တယ်

အဲ့ဒီကဲ့သို့ ဖြေဖျောက်လို့မရနိုင်အောင် ဖြစ်နေတော့ တစ်ပါးသော ရဟန်းက ဘုရားထံသွားပြီးသကာလ လျှောက်တယ်။ အခြားရဟန်းတစ်ပါးက၊ အဲ့ဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို အကျိုးအကြောင်း လျှောက်ထားတယ်။ ရဟန်းတွေဖြင့် နှစ်ဖက်ပုတ်ခတ်လျက် ကွဲပြီးသကာလ နင်-နင်၊ ငါ- ငါနဲ့ဆိုတဲ့ စကားတွေဖြင့် အကြမ်းပတမ်းတွေသုံးပြီး သကာလ တစ်ယောက်မျက်နှာ တစ်ယောက်မကြည့်နိုင်၊ မပြုံးနိုင်၊ မရွှင်နိုင်ကြ၊ တစ်ဖက်နဲ့တစ်ဖက် ဒေါသမာန်မာနထားပြီး

အချင်းများနေကြပါတယ်ဘုရားလို့ သွားလျှောက်တယ် . . . (မှန်ပါဘုရား)။

အဲ့ဒီကဲ့သို့ သွားလျှောက်တဲ့အခါကျတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ကားလို့ဆိုရင် သိတော့သိပြီးတာပဲ၊ သိပြီးသားပင် ဖြစ်ငြားသော်လည်း၊ လာပြီးတိုင်ကြားပြန်တော့ ခေါ်ချေကွာ နှစ်ဖက်သော ရဟန်းများခေါ်ချေပေ့လို့ဆိုပြီး တော့၊ ငါ့ . . . အမိန့်နဲ့ ခေါ်ခဲ့လို့ ဆိုတာ၊ အမိန့် တံဆိပ် ရိုက်ပြီး သကာလ ပေးလိုက်သလို . . . ဘုရားအမိန့်တော်မှာ လိုက်တယ် . . . (မှန်ပါဘုရား)။

## နှစ်ဘက်စလုံးကို ခေါ်တယ်

ဒါနဲ့ နှစ်ဖက်သော ကြားကရဟန်းက၊ ယာလျှောက်တဲ့ ရဟန်းကပဲ အရှင်ဘုရားတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက နှစ်ဖက်စလုံး ရဟန်းတွေ ကြွကြပါဦးဆိုတဲ့ အကြောင်းကို ဘုရားက အမိန့်ရှိလိုက်ပါတယ် . . . (မှန်ပါဘုရား)။

ဒါကြောင့် အရှင်ဘုရားတို့သည် ကြွတော်မူကြပါဆိုတော့ ဘုရား အမိန့်တော်နဲ့ဆိုတော့ နှစ်ဖက်သော ရဟန်းတို့သည် ဘယ်သူမှ အမိန့်အာဏာ ဖီဆန်ပြီးသကာလ မနေဘဲနဲ့ နှစ်ဖက် သော ရဟန်းတို့ လိုက်ကြရတယ် . . . (မှန်ပါဘုရား)။

ထိုကဲ့သို့ လိုက်ကြတဲ့အခါကျတော့ ဘုရားသခင်ကိုယ်

တော်မြတ်ကြီးက မင်းတို့ ဘယ်လိုဖြစ်ကြသတုံး၊ ဘယ်လိုများ ဘယ်အကြောင်းကြောင့် ဤကဲ့သို့ တစ်ယောက်တစ်ယောက် စကားများပြီး သကာလ တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်နိုင်၊ တစ်ယောက်မေးတာ တစ်ယောက်မပြောနိုင်တဲ့ အခြေအနေ ရောက်ပြီးသကာလ နေကြပါလိမ့်မလဲ . . . .။

## သံသရာမှ လွတ်ရေးမရှိကြတော့ဘူး

ဒီလိုသာရောက်ပြီး သကာလ နေကြမယ်ဆိုလို့ရှိရင် မင်းတို့သည် သီလ၊ သမာဓိ၊ ပညာဆိုတဲ့ အလုပ်စခန်းမှာဖြင့် မင်းတို့တက်လှမ်းဖို့အရေးဟာ မရှိနိုင်တော့ဘူး . . . (မှန်ပါ ဘုရား)၊ သံသာရာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ-သံသရာမှ ထွက်မြောက်ဖို့ ရဟန်းလုပ်လာတာ၊ သံသရာမှ ထွက်မြောက်ဖို့ အရေးကို မင်းတို့မှာ မရှိတော့ဘူး . . . (မှန်ပါဘုရား)။

## သာရဏီယတရား(၆)ပါး

ဒါကြောင့် မင်းတို့သည်ကားလို့ဆိုလို့ရှိရင်ဖြင့် ဒီအကျင့် ကို ကျင့်မှသာလျှင် မင်းတို့သည် ကောင်းမှာပဲဆိုပြီး သာရဏီယ တရားအောက်မေ့အပ်တဲ့တရား(၆)ပါးကို ရှေးဦးစွာစပြီး ဆုံးမ တယ် . . . (မှန်ပါဘုရား)။

## ၁။ မေတ္တာရှေးရှုတဲ့ကာယကံ

မင်းတို့မှတ်ထားကြတဲ့၊ မျက်ကွယ်၌ဖြစ်စေ၊ မျက်မှောက်၌ဖြစ်စေ၊ ကာယကံဖြင့် မေတ္တာ ကာယကံကိုဖြင့် ကြိုးစားကြပါကွာ၊ သူ့ပစ္စည်း သူမေ့သွားခဲ့တယ်၊ မေ့သွားလို့ရှိရင် ကာယကံနဲ့ ကောက်သိမ်းလို့၊ သူလာတယ်ဆိုရင် ကာယကံနဲ့ အထည်အလိပ်တွေခင်းလို့ ကြီးတဲ့ ပုဂ္ဂိုလ် ကြီးတဲ့ ပုဂ္ဂိုလ်အလျောက်၊ ငယ်တဲ့ ပုဂ္ဂိုလ် ငယ်တဲ့ ပုဂ္ဂိုလ်အလျောက် ဒီနေရာထိုင်ပါ၊ ဒီနေရာ ကြွပါဆိုပြီးသကာလ ကိုယ်က နေရာထိုင်ခင်းကို ကိုယ်ထိလက်ရောက်အားဖြင့်ပေး။

အဲ့ဒီကဲ့သို့ မနောကာယကံပေါ့ဗျာနော် . . . (မှန်ပါဘုရား)၊ အဲ့ဒီကဲ့သို့တဲ့ မေတ္တာရှေးရှုတဲ့ကာယကံ၊ မေတ္တာရှေ့ထားထားပြီးသကာလ ကာယကံနဲ့ လုပ်ကြပါကွာ . . . (မှန်ပါဘုရား)။

ဒါမှသာလျှင် မင်းတို့တစ်ယောက်တစ်ယောက်မျက်နှာကြည့်နိုင်ပြီးသကာလ၊ တစ်ယောက်တစ်ယောက် နှုတ်လုံပြန်မထိုးဘဲနဲ့ သီလ၊ သိက္ခာ၊ သမာဓိ၊ ပညာ စခန်းကို တက်လှမ်းနိုင်လိမ့်မယ်ဆိုပြီး မေတ္တာ ကာယကံ အရင်ဟောလိုက်တယ် . . . (မှန်ပါဘုရား)။

## ၂။ မေတ္တာဝစီကံ

နောက်ကျလာပြန်တော့ မေတ္တာဝစီကံဆိုတာလည်း ရှိသေးတယ်၊ ဟော့ . . . မေတ္တာဝစီကံဆိုတဲ့ ဥစ္စာသည် မင်းတို့ တစ်ပါး တစ်ပါး နေကြငြားသော်လည်း ဩော် . . . ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ မေတ္တာဝစီကံအားဖြင့် ပို့လို့ အကြောင်းတိုက်ဆိုင်လို့မေး ပြန်လို့ရှိရင်လည်း ကျန်းမာပါရဲ့လား၊ ချမ်းသာပါရဲ့လား၊ သူ့မျက်ကွယ်၌ ဖြစ်စေ၊ မျက်မှောက်၌ ဖြစ်စေ၊ ဒီ ဝစီကံသည်ကား လို့ဆိုလို့ရှိရင် မေတ္တာရှေ့ထားပြီး သကာလ တစ်ယောက်တစ်ယောက်မေးကြမြန်းကြ၊ ကျန်းမာမှုကို မေးကြ မြန်းကြ မေတ္တာပို့ကြ။

အဲ့ဒီကဲ့သို့ နေကြပါမူကား အဓိသီလ၊ သိက္ခာ၊ သမာဓိ ပညာဆိုတဲ့ မင်းတို့ သံသရာဝဋ်မှာ ထွက်မြောက်ကြောင်းဖြစ်တဲ့ တရားကြီးဟာ အထမြောက်နိုင်ပါတယ်။ ဒါကြောင့် မေတ္တာဝစီကံလည်းထားကြကွ . . . . (မှန်ပါဘုရား)၊ ဘုရားက နှစ်ချက်ရှိပြီး ဆုံးမတာ . . . (မှန်ပါဘုရား)။

## ၃။ မေတ္တာမနောကံ

နောက်ကျတော့ မေတ္တာ မနောကံဆိုတာလည်း မင်းတို့က ထားကြပါကွာတဲ့ မနောထဲကလည်း အားလုံးသော ပုဂ္ဂိုလ်တို့သည်ကားလို့ဆိုလို့ရှိရင်ဖြင့်သံသရာဝဋ်ထဲကထွက်မြောက်ပြီး

သကာလ ဒုက္ခ ခပ်သိမ်း ကင်းငြိမ်းဖို့အရေးကို မေတ္တာမနော ထဲကလည်း မင်းတို့အားလုံးအပေါ်မှာ စိတ်ထားမှသာလျှင် သီလ၊ သိက္ခာ၊ သမာဓိနဲ့ တက်ရမည့်၊ ပညာနဲ့တက်ရမည့် နိဗ္ဗာန်ဆိုတဲ့ စခန်းကြီးကို မင်းတို့သည် မေတ္တာမနောကံ မရှိဘဲနဲ့လည်း မတတ်နိုင်ဘူးကွ. . . (မှန်ပါဘုရား)၊ သုံးချက်ရှိ ပြီ. . . (မှန်ပါဘုရား)။

## ၄။ ဝေငှဘုန်းပေးသုံးဆောင်ပါ

နောက်ကျလာတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး က တစ်ခါဟောလိုက်တယ်၊ မင်းတို့သည် တစ်ယောက်သော ပုဂ္ဂိုလ်က ဆွမ်း၊ ကွမ်းရလာတယ်၊ ရလာတယ်ဆိုလို့ရှိရင်ဖြင့် လေးပါး၊ ငါးပါး၊ ဆယ်ပါးဆိုသလို နေကြတဲ့အခါ ကျလို့ရှိရင် သူလာမှ ဘုန်းပေးဝေငှပြီး သကာလ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ ဝေဖန်တိကပြုပြီး သကာလမှ ဘုန်းပေးသုံး ဆောင်ကြလို့ရှိရင်လည်း မင်းတို့သည်တဲ့ ခုနကပြောခဲ့တဲ့ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဆိုတဲ့ သုံးခုနဲ့မှ သုံးထစ်သော လှေခါးနဲ့မှ နိဗ္ဗာန်တက်ရမယ့် ဥစ္စာကို ခုငါပြောတဲ့အတိုင်း ဝေဖန်ဘုန်းပေး သုံးဆောင်နိုင်တဲ့ အခြေအနေရှိလို့ရှိရင်လည်း မင်းတို့သည် လှေခါးသုံးခုကတက်ပြီးသကာလ နိဗ္ဗာန်ဆိုတဲ့ အောင်ပန်းကြီးကို ဆွတ်လှမ်းနိုင်လိမ့်မယ်လို့ ဟောလိုက်တယ်

. . . (မှန်ပါဘုရား)၊ ဝေဖန်စားရမယ်. . . (မှန်ပါဘုရား)။

## ၅။ ကိုယ့်သီလကို မကျိုးမပေါက်အောင်ထိန်းပါ

နောက်ကျလာတော့ တစ်ခါ ငါးခုမြောက်တစ်ခါဟော လိုက်ပြန်တယ်၊ မင်းတို့သည်ကားလို့ဆိုလို့ရှိရင်ဖြင့်တဲ့ တစ်ယောက် တစ်ယောက်တည့်မှုအရေးဟာ ဘယ်လိုပါလိမ့် မလဲလို့ တွေးနေစရာမလိုပါဘူးကွာတဲ့၊ သူကလည်း သီလကို မကျိုးမပေါက် မပျောက် မရှုရအောင်၊ ကိုယ်ကလည်း ဆောက်တည်၊ ဟိုပုဂ္ဂိုလ်ကလည်း သီလကို မကျိုးလည်း မကျိုး ရအောင် မပေါက်လည်း မပေါက်ရအောင်၊ ပျောက်လည်း မပျောက်၊ မရှုလည်း မရှုရအောင် ပေါ့ဗျာ . . . (မှန်ပါဘုရား)။

အဲ့ဒီကဲ့သို့ မင်းတို့သည် ဟိုဖက်ကလည်း ဒီလိုဆောက် တည်လို့၊ ဒီဖက်ကလည်း ဆောက်တည်တစ်ယောက်နဲ့ တစ် ယောက် ကိုယ့်သီလ ကိုယ်မကျိုး၊ မပေါက်၊ မပျောက်၊ မရှုရ အောင်၊ ငဲ့နေကြပြန်လို့ရှိရင်လည်း မင်းတို့အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဆိုတဲ့ သုံးထစ်သော လှေခါးနဲ့ နိဗ္ဗာန်ကို ဆွတ်လှမ်း ရမယ့် ဥစ္စာ သီလချင်းညီမျှလို့ရှိရင်လည်း မင်းတို့ ဘယ်နည်းနဲ့မှ အခုပြောတဲ့ နှုတ်လှံပြန်ထိုးခြင်း၊ တစ်ယောက်နဲ့တစ်ယောက် မျက်နှာမကြည့်ချင်ခြင်း၊ မျက်နှာမဆုံနိုင်ခြင်းဆိုတဲ့ အလုပ်တွေ ဟာ မဖြစ်နိုင်ပါဘူးကွာတဲ့၊ နိဗ္ဗာန်တက်လှမ်းနိုင်ပါတယ်. . . (မှန်ပါဘုရား)။

## ၇။ နိဗ္ဗာန်မြင်တဲ့အမြင်အတူတူ

ဒီထက် အရေးကြီးတဲ့အချက်ကို ငါပြောရလို့ရှိရင်ဖြင့် သောတာပတ္တိမဂ်ဆိုတဲ့ နိဗ္ဗာန်မြင်တဲ့ အမြင်အတူတူ တစ်ခါတည်း အကုန်ရကြလို့ရှိရင်လည်း မင်းတို့သည်ကားလို့ဆိုလို့ရှိရင်ဖြင့်တဲ့ ဘာမှ တစ်ယောက်တစ်ခွန်းစကားပြောစရာလည်း မရှိ၊ တစ်ယောက်မျက်နှာ တစ်ယောက်မကြည့်နိုင်စရာ လည်း မရှိဘူး၊ တစ်ခါတည်း သင့်သင့်မြတ်မြတ်နဲ့ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ရိုရိုသေသေ ကိုင်းကိုင်း ရှိုင်းရှိုင်း အလုပ်ကြီးဟာ သောတာပန် တစ်တန်းတည်းဖြစ်သွားပြန်လို့ရှိရင်လည်း ဒါပြီးသွားတာပါပဲကွာ . . . (မှန်ပါဘုရား)။

ဒါကြောင့် ဒီ(၆)ချက်ကို မင်းတို့သည် သာရဏီယဆိုတဲ့ စောင့်ရှောက်အပ်တဲ့ ဝတ္တရားတွေဟာ ဒီ(၆)ချက်နဲ့ ပြည့်စုံအောင် မင်းတို့နေဖို့အရေးဟာ မင်းတို့အရေးလို့မှတ်ပါလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောလိုက်တယ်. . . (မှန်ပါဘုရား)။

## ဒီ(၆)ချက်နဲ့ နေရင်သင်မြတ်တယ်

ဒီ(၆)ချက်နဲ့နေရင် သင့်မြတ်တယ်ပေါ့ဗျာ. . . (မှန်ပါဘုရား)၊ တစ်ယောက်နဲ့တစ်ယောက် စကားမများ၊ နှုတ်လုံပြန်ထိုးခြင်း အလုပ်မရှိဘဲ၊ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်

နိုင်တဲ့ အခြေအနေရောက်ကြမယ်. . . (မှန်ပါဘုရား)၊ အဲ့ဒါရောက်ပါလိမ့်မယ်တဲ့. . . (မှန်ပါဘုရား)။

ပြီးတော့မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဆက်လက်ပြီး သကာလ ဘယ်လိုဟောလိုက်သတုံးဆိုတော့ အကယ်၍တဲ့ မင်းတို့ခုနက (၆)ချက်မြောက်ဖြစ်တဲ့ သမ္မာဒိဋ္ဌိ အမြင် (ဝါ) သောတာပန်၏ အမြင်ပေါ့ဗျာ. . . (မှန်ပါဘုရား)၊ သမ္မာဒိဋ္ဌိမဂ္ဂင်။

## သောတာပန်တို့၏ ဆင်ခြင်မှု(၇)မျိုး

အဲ့ဒီသမ္မာဒိဋ္ဌိဆိုတဲ့ မဂ္ဂင်အမြင်နဲ့ ပြည့်စုံခဲ့လို့ရှိရင်လည်း မင်းတို့ ကိုယ့်ဟာကိုယ် ဆင်ခြင်ပါတယ်ကွတဲ့၊ ဆင်ခြင်လုံး၊ သောတပန်တို့၏ ဆင်ခြင်လုံး(၇)မျိုးတောင်ရှိပါတယ်ကွာတဲ့၊ အဲ့ဒီလိုဆိုတော့ သာလို့ပင် မင်းတို့သည်ကားလို့ဆိုလို့ရှိရင် ညီညွတ်မှု၊ တစ်ယောက်တစ်ယောက် မေတ္တာထားမှု၊ ဂရုဏာထားမှုတွေ သောတာပန်ဖြစ်လာလို့ရှိရင်ဖြင့် ဒီ(၇)ချက်နဲ့ ပြည့်စုံတာအမှန်ပါပဲကွာ . . . (မှန်ပါဘုရား)။

အဲ့ဒီတော့ မတည့်ဘူး၊ မျက်နှာမကြည့်နိုင်ဘူး၊ နှုတ်လှံ့ပြန်ထိုးမှု မရှိတော့ဘူးဆိုတာ အသေအချာမှတ်ပါ. . . (မှန်ပါဘုရား)။

## သောတာပန်ဖြစ်တဲ့အခါ

ဒါဖြင့် သောတာပန်အစစ်ဖြစ်မှ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ခုနက တစ်ယောက်တစ်ယောက် မျက်နှာမကြည့်နိုင်မှု။ တစ်ယောက်တစ်ယောက် နှုတ်အားဖြင့်လည်း တစ်ယောက်တစ်ခွန်း ပြောဆိုမှု၊ ဒါတွေမရှိတော့ဘူးတဲ့၊ ဒါတွေအကုန်လုံ လောက်ပြီးသူကာလ သောတာပန်ဖြစ်တဲ့အခါကျလို့ရှိဖြင့် အင်မတန်မှ ညီညွတ်ရေးသည်ကားလို့ဆိုလို့ရှိရင်ဖြင့် မစည်းရုံးဗြားသော်လည်း အယူသီလတူမျှသည်ဖြစ်လေသောကြောင့် ညီညွတ်စည်းရုံးပြီးသား ဒကာစိန်တို့ ဒကာသိုက်တို့ ရောက်ပါလိမ့်မယ်. . . (မှန်ပါဘုရား)။

## ငါအပါယ်လွတ်ပြီး စိတ်ချရပြီ

ဒါကို မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောလို့ သောတာပန်ဖြစ်တဲ့ ပုဂ္ဂိုလ်များကျတော့ကွာတဲ့ (၇)ချက် ဆင်ခြင်မှုရှိပါတယ်တဲ့၊ မင်းတို့ အဲ့ဒီရောက်အောင် ကြိုးစားပါ . . . မှန်ပါဘုရား၊ ဆိုပြီးသကာလ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသောတာပန် ဖြစ်ပြီးတဲ့ပုဂ္ဂိုလ်များမှာ မိမိသောတာပန် ဖြစ်တယ်၊ မဖြစ်ဘူးဆိုတာ ကိုယ့်ဟာကိုယ် ဝေဖန်နိုင်တဲ့ ဉာဏ်(၇)မျိုးကို ငါသေသေချာချာ ဟောခဲ့မယ် ဆိုပြီး သကာလ ကောသမ္ဗီသုတ်မှာသေသေချာချာဟောခဲ့သည်

ဖြစ်လေသောကြောင့် အားလုံး ဒကာ ဒကာမတွေလည်း အင်း . . . ကိုယ်လုပ်နေတဲ့ ဝိပဿနာအလုပ်ကြီးဟာဖြင့် ငြိမ်းအေးတဲ့ နိဗ္ဗာန်ကြီးအာရုံပြုနိုင်ပြီ ဆိုပြီးသကာလ ကိုယ့်ဟာကိုယ် သောတာပန် အစရှိသည်တို့ထင်ပြီး သကာလ နေကြလို့ရှိရင် အခုဟောလတ္တံ့၊ ပြောလတ္တံ့ဖြစ်တဲ့ (၇)ချက်နဲ့ ကိုယ်တိုင် ဝေဖန်လို့ ညီညွတ်ခဲ့သည်ရှိသော် သူတစ်ပါးမေးမနေနဲ့ . . . (မှန်ပါဘုရား)။

ကိုယ့်ဟာကိုယ် လုံလောက်ပြီး သကာလ ငါဖြင့် အပါယ် လေးပါးမှ လွတ်ပြီ၊ စိတ်ချရပြီပေါ့ဆိုပြီး ဝမ်းမြောက်နေရုံပဲ. . . (မှန်ပါဘုရား)။

## ဒီလမ်းစဉ်အတိုင်းကြိုးစားကြပါ

အကယ်၍ အခုဟောလတ္တံ့ဖြစ်တဲ့ (၇)ချက်နဲ့ မညီညွတ် သေးလို့ရှိရင်လည်း ဟာ . . . ညီညွတ်အောင် ဒီလမ်းကိုဖြင့် ဆရာဘုန်းကြီးဟောထားတဲ့ ဝိပဿနာလမ်းစဉ်၊ ဘုရားဟော ထားတဲ့ ဝိပဿနာလမ်းစဉ်ကို ဆရာဘုန်းကြီးဟောတာပဲ၊ ဒီလမ်းစဉ်အတိုင်း တက်ပြီးသကာလ ကြိုးစားပါသော်ကော ဆိုပြီး၊ ကြိုးစားလိုက်မယ်ဆိုလို့ရှိရင်လည်း ဒီ(၇)ချက်ဟာ သောတာပန်တည်သွားလို့ရှိရင် ဒီ(၇)ချက်ဟာ ပေါ်လာမှာပဲ . . . (မှန်ပါဘုရား)။

ဒါကြောင့် ဒကာ ဒကာမတွေ ဒီအချက်ဟာ သိဖို့ကောင်းတဲ့ အချက်ပဲဆိုတာဖြင့် သေသေချာချာ မှတ်ကြပါ. . . (မှန်လှပါဘုရား)၊ အဲ့ဒါသည် မနေ့ကလည်း ခင်ဗျားတို့ ပြော် . . . မတင်လှက ဒါလေးကို အကျဉ်းချုပ်အားဖြင့် သူကုသိုလ်ဖြစ် ရိုက်ပြီးသကာလ ဒကာ ဒကာမတွေ ပြထားတယ်၊ စာရွက်ကလေးတွေ ဝေထားတယ်မို့လား . . (မှန်ပါဘုရား)။

## အထူးသဖြင့် ဝမ်းသာဖို့

အဲ့ဒါလေးတွေနဲ့ ခု ဟောလတ္တံ့ ဖြစ်တဲ့ ဥစ္စာနဲ့ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ ဖြစ်စဉ်နဲ့ ကိုက်ကြည့်လိုက်တာပေါ့ဗျာ. . . (မှန်ပါဘုရား)၊ ကိုက်ကြည့်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့်တဲ့ ခင်ဗျားတို့သည် ဝမ်းသာစရာရှိလို့ရှိရင်လည်း အထူးသဖြင့် ဝမ်းသာဖို့ပဲ. . . (မှန်ပါဘုရား)။

ဝမ်းသာစရာနည်းနေလို့ရှိရင်လည်း ဝမ်းသာစရာများအောင် အပါယ်လေးပါး စိတ်ချရအောင် ဒီဟာနဲ့ ညီညွတ်အောင် လုပ်ပါသော်ကော ဆိုတဲ့ ဥစ္စာ ဒကာစိန်တို့ ဒကာသိုက်တို့ တိုးတက်လုပ်ဖို့ပေါ့ဗျာ . . . (လုပ်မှာပါဘုရား)၊ ဟုတ်ပြီလား။

## သောတာပန်တို့၏ ဆင်ခြင်မှု(၁)

အဲ့ဒီတော့ ဒကာ ဒကာမတို့ စပြီး သကာလ သောတာပန် ဖြစ်တဲ့ ပုဂ္ဂိုလ်၏ ဆင်ခြင်မှု တစ်နံပါတ်ကို စဟောမယ် . . . (မှန်လှပါဘုရား)၊ သောတာပန်ဖြစ်တဲ့ ပုဂ္ဂိုလ်၏ ဆင်ခြင်မှုတစ်နံပါတ်စဟောမယ်. . . (မှန်လှပါဘုရား)။

တစ်နံပါတ်က ဘာတုံးဆိုတော့ သောတာပန်သည် ကိလေသာ (၁၀)ပါးရှိတဲ့ အနက်က(၃)ပါးသာ ပယ်နိုင်သေးတယ်. . . (မှန်ပါဘုရား)၊ ကျန်တဲ့ (၇)ပါးတွေက ကျန်မနေပေဘူးလား . . . (ကျန်နေပါတယ်ဘုရား)။

အဲ့ဒါကတော့ အကြောင်းကိစ္စရှိတယ်လို့ ကျန်တဲ့ (၇) ချက်နဲ့ တိုက်ဆိုင်တဲ့ အာရုံတွေ တွေ့ပြီဆိုမှဖြင့် လွန်ကြူးမှု အလုပ်တွေတော့ လုပ်တော့ လုပ်သေးတာပဲ. . . (မှန်လှပါဘုရား)၊ လုပ်သေးတာပဲတဲ့။

ထကြွ သောင်းကျန်းတဲ့ ပရိယုဋ္ဌာန ကိလေသာဆိုတာ ကျန်တဲ့ (၇)ချက် ထကြွသောင်းကျန်းလာတာလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါဘုရား)၊ ဟုတ်ပြီလား။

## ဒေါသမပယ်သေးဘူး၊ လာသေးတာပဲ

ဒေါသ၊ သူမှ မပယ်သေးဘဲလာသေးတာပေါ့ . . . (မှန်ပါဘုရား)၊ မာန၊ သောတာ ပတ္တိမဂ်ကမှ မပယ်နိုင်သေး

တော့ကို ပုထုဇဉ်လောက်သာမကြီးတယ် လာတော့လာသေး တာပဲ. . . (မှန်ပါဘုရား)၊ ဟုတ်ပြီလား. . . (မှန်ပါဘုရား)။

## စိတ်ပျံ့လွင့်တာတွေလာသေးတာပဲ

အဲဒီကဲ့သို့ ဥဒ္ဓစ္စ ပျံ့လွင့်တာတွေ လာသေးတာပဲ၊ သောတာပန်လည်း လာတာပဲ၊ လာပင်လာငြားသော်လည်းတဲ့ ယခုတစ်နံပါတ်မှာ ဟောရမှာက လာပြီးသည့်အခြားမဲ့၌ ဩော် . . . ဒါသည်ကားလို့ဆိုရင် ငါသည် သောတာပတ္တိမဂ်အမြင်နဲ့ တော့ဖြင့် ငါသည် ပြည့်စုံတော့ နေတာပဲ။

ထိုသို့ပင် ပြည့်စုံငြားသော်လည်း၊ မပယ်နိုင်သေးတဲ့ ကိလေသာတွေက ထကြွသောင်းကျန်းလာသေးတာကိုးလို့ ကိုယ့်ဟာကိုယ် သိသည် . . . (မှန်လှပါဘုရား)၊ ထကြွသောင်း ကျန်းပြီးသကာလ လာသေးတယ်ဆိုတော့ ဩော် . . . ဒါ မပယ်သေးလို့ ထကြွသောင်းကျန်းပြီး သကာလ လာတဲ့ ကိလေသာတွေပဲလို့ ဆိုတော့ကိလေသာဖြစ်ပြီး၊ ပြီးချင်း တစ်ခါတည်း အသိဆိုတဲ့ ဉာဏ်ကလေးနောက်က လိုက်လာ တယ်. . . (မှန်ပါဘုရား)။

ကိလေသာ တာရှည်ကြီးသွားသေးရဲ့လား. . . (မသွားပါ ဘူးဘုရား)၊ တစ်ခါတည်း အသိဉာဏ်က နေပြီးသကာလ ဒေါမနဿလာမယ် ဆိုလို့ရှိရင်လည်း ဒေါမနဿက နောက်က

အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ် မလိုက်ရအောင် ဖြတ်ချလိုက်တယ်. . . (မှန်ပါဘုရား)၊ အသိလေးနဲ့ ဖြတ်ချလိုက်တယ်. . . (မှန်ပါဘုရား)။

## မာနလာရင်ချက်ချင်း သိလိုက်တယ်

မာနလာလို့ရှိရင်လည်း ထို့အတူပဲတဲ့ မာနဆိုတာ တဏှာနဲ့ တွဲနေတဲ့အတွက် ဒီဥပါဒါန်တို့၊ ဘဝတို့၊ ဇာတိတို့၊ ဇရာတို့ မလာသည့်တိုင်အောင်ပဲ မာနနောက်ကနေပြီးသကာလ အင်း . . . မပယ်သေးတဲ့ မာနလာသေးသကိုးလို့ ချက်ချင်းသိလိုက်တာ. . . (မှန်ပါဘုရား)။

ထိုကဲ့သို့ သိလိုက်တော့ နောက်ဆက်တွဲ ပဋိစ္စသမုပ္ပါဒ်ကြီးလည်ရသေးရဲ့လား. . . (မလည်ရပါဘူးဘုရား)၊ မလည်ရတော့ဘူးနော်၊ ဥဒ္ဒစ္စ - စိတ်ပျံ့လွင့်နေတယ်၊ ပျံ့လွင့်ပြီး ဟိုရောက် ဒီရောက် ရောက်နေချင်သလို ရောက်ပြီး သကာလ၊ နေတဲ့ ပျံ့လွင့်မှုတွေ ရှိသေးတာပဲတဲ့. . (ရှိပါတယ်ဘုရား)။

ရှိပင်ရှိငြားသော်လည်း သူ့စိတ်ထဲမှာ ဩော် . . . ဒါ မိမိမဂ်က မပယ်နိုင်သေးဘဲကိုး၊ မပယ်နိုင်သေးလို့ပေါ်လာတာကိုးဆိုပြီး ပေါ်ပေါ်ပြီးချင်းပဲ နောက်ကတစ်ခါတည်းသူ ဥဒ္ဒစ္စကိုးဆိုပြီး သိတဲ့ စိတ်ကလေးနောက်ကလိုက်တယ်. . . (လိုက်ပါတယ်ဘုရား)။

ထိုကဲ့သို့ လိုက်ပြီးသကာလ သွားတော့လိုက်တဲ့နောက်က ပုထုဇဉ်များတော့ တစ်နေ့လုံးပင် နေငြားသော်လည်း ဒါဖြတ်တောက်တဲ့အသိမပါဘူး. . . (မပါပါဘူးဘုရား)။

## ပေါ်တိုင်း ပေါ်တိုင်း သိပေးတယ်

သောတာပန်တည်ပြီးသား ပုဂ္ဂိုလ်များကျတော့ ဒီဟာတွေ ပေါ်တိုင်း ပေါ်တိုင်း မာနလာလည်းသိ၊ ဒေါသလာလည်းသိ၊ ဟုတ်လား. . . (မှန်ပါဘုရား)။

အဲ့ဒီကဲ့သို့ ဥဒ္ဒစ္စလာလည်းသိ၊ သိလုံးကလေးတွေနောက်က ချုပ်ချုပ်သွားတယ်. . . (မှန်ပါဘုရား)၊ သိလုံးကလေးတွေနောက်က ချုပ်ချုပ်သွားတယ် ဒကာ ဒကာမတို့. . . (မှန်လှပါဘုရား)။

အဲ့ဒီကဲ့သို့ သိလုံးကလေးတွေ နောက်ကချုပ်ချုပ်၊ ချုပ်ချုပ်ပြီးသကာလ၊ သွားလိုက်တော့ နောက်က အချုပ်အခြာလေးပါလာတယ်။ ပါလာတဲ့အတွက် တောက်လျှောက်ကြီး ပဋိစ္စသမုပ္ပါဒ်ကြီးဟာ လည်နိုင်သေးရဲ့လား. . . (မလည်နိုင်ပါဘူးဘုရား)။

အင်း. . . ဒါဖြင့် သိလုံးကလေးဆိုတာ ပဋိစ္စသမုပ္ပါဒ်ရပ်တဲ့သဘောပါလား. . . (မှန်လှပါဘုရား)၊ မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)။

## ပဋိစ္စသမုပ္ပါဒ်ရပ်သွားတယ်

အဲ့ဒီကဲ့သို့ ပဋိစ္စသမုပ္ပါဒ်ရပ်ပြီး သကာလ သွားတော့ အင်း . . . ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်က ဘယ်လိုပင် အပါယ်ဇာတိတွေဆောင်ချင်ငြားသော်လည်း ဆောင်နိုင်သေးရဲ့လား. . . (မဆောင်နိုင်ပါဘူး ဘုရား)။

ဒါကြောင့် သောတာပန်ပုဂ္ဂိုလ်များ အပါယ်လွတ်တယ်ဆိုတာ ပဋိစ္စသမုပ္ပါဒ် ပြတ်-ပြတ်၊ ပြတ်-ပြတ်ပြီး ထွက်သွားလို့ သာလျှင် ဤဟာတွေသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် အပါယ်ကျကြောင်းတွေ ၊ ပြတ် . . . ပြတ်၊ ပြတ်. . . ပြတ်ပြီးသကာလ သွားတော့တယ်ဆိုတာ ၊ ပုထုဇဉ်တို့လို ဒေါသတာရှည်၊ မာနတာရှည်ပျံ့လွင့်ပြီး သကာလ နေတာကြီး တာရှည်၊ ဒီလိုလာသေးရဲ့လား. . . (မလာပါဘူးဘုရား)။

## နောက်ကအသိလိုက်တယ်

မလာတော့ဘူးတဲ့ တစ်ခါတည်း နောက် အထိန်းအအုပ်ကလေးဆိုတဲ့ အသိကလေးတွေဟာ နောက်ကတစ်ခါတည်း လိုက်တယ်၊ လွန်ကျူးတာတော့ လွန်ကျူးတာပဲ. . . (မှန်ပါဘုရား)။

လွန်ကျူးပြီးသကာလ ၊ ဩော်. . . မပယ်နိုင်သေးလို့ဖြစ်တာကိုးလို့ သိသိ. . . သိသိပြီးသကာလ၊ လိုက်တယ်. . . အဲ့ဒီ

ကဲ့သို့ အသိလိုက်တော့ ဒကာစိန်တို့ ဒကာသိုက်တို့က စဉ်းစားစရာတယ်ကောင်း. . . (မှန်လှပါဘုရား)။

အင်း. . . ပုထုဇဉ်အမိုက်အမှားတွေ ကျလာပြီဆိုမှဖြင့် ဘယ်နည်းနဲ့မဆို ဒီဥစ္စာတွေ နောက်ကအသိမလိုက်ဘဲနဲ့ ထပ်ပြီးတောင်၊ မာနအသံတွေ ထွက်လိုက်မယ်၊ ထပ်ပြီး ဒေါသတွေနဲ့ ပြောလိုက်မယ်။ ဒီလိုဟာတွေ လာသေးတယ်. . . (လာပါတယ်ဘုရား)။

## အထိန်းအအုပ်ပါ တာချည့်ပဲ

သောတာပန်တည်ပြီး သောတာပတ္တိမဂ်နဲ့ နိဗ္ဗာန်မြင်ပြီးသား ပုဂ္ဂိုလ်(ဝါ) သောတာပန် တည်ပြီးသား ပုဂ္ဂိုလ်များမှာတော့ဖြင့် ဒကာ ဒကာမတို့ ဘယ်တော့မှ နောက်က အထိန်းအအုပ်ဆိုတာ မပါတဲ့အခါ မရှိဘူးတဲ့ . . . အထိန်းအအုပ်ကလေးပါတာချည့်ပဲတဲ့. . . (မှန်လှပါဘုရား)။

အင်း. . . လွန်သွားပြီ၊ လွန်သွားပြီဆိုကတည်းက သူ့ဟာ ဉာဏ်သတိ ဝင်မလာဘူးလား. . . (ဝင်လာပါတယ်ဘုရား)၊ ဝင်လာကတည်းက ရှေ့ဆက်သေးရဲ့လား. . . (မဆက်ပါဘူးဘုရား)။

အေး. . . လွန်သွားပြီ၊ လွန်သွားပြီ ဆိုပြီး သကာလ သတိကလေးနဲ့ နောက်က ချုပ်ချုပ်၊ ပညာကလေးနဲ့နောက်က

အုပ်အုပ်ပြီးသကာလ နေလေ့ရှိတဲ့ ဥစ္စာပုထုဇဉ်များမှာ ဒီလိုမရှိဘူးကွတဲ့ ဘုရားက. . (မှန်ပါဘုရား)၊ သောတာပန် တည်ပြီးသား ပုဂ္ဂိုလ်မှသာလျှင် ဤအထိန်းအအုပ် အချုပ်ဆိုတဲ့ဥစ္စာသူတို့ ဖျတ်ခနဲ ဖျတ်ခနဲ လိုက်လာတယ်. . . (မှန်လှပါဘုရား)။

## လွန်ပြီးသားကို ချက်ချင်းပြန်သိတယ်

ဒါကြောင့် တစ်နံပါတ် အင်္ဂါမှာဖြင့် လွန်ပြီးသားကို ချက်ချင်းပြန်သိခြင်းဟာလည်း သောတာပန်တည်ပြီးသား ပုဂ္ဂိုလ်၏ ဆင်ခြင်မှုပါပဲ. . . (မှန်လှပါဘုရား)၊ ပြန်ဆင်ခြင်လိုက်တာပဲ၊ လွန်သွားပြီလို့ ဆင်ခြင်လိုက်တာ. . . (မှန်လှပါဘုရား)၊ တစ်နံပါတ်သဘောကျသွားပြီလား. . (ကျပါပြီဘုရား)။

ပုထုဇဉ်လို့ အရှည်ကြီးသွားသေးရဲ့လား. . (မသွားပါဘူးဘုရား)၊ အဲ့ဒီတော့ ပဋိစ္စသမုပ္ပါဒ် ပြတ်သွားတာမထင်ရှားဘူးလား. . . (ထင်ရှားပါတယ်ဘုရား)။

အေး. . . ဒါကြောင့် တစ်နံပါတ်အင်္ဂါသည်တဲ့ မပါယ်နိုင်သေးတဲ့ ကိလေသာ ထကြွသောင်းကျန်းပြီးသကာလ စာလိုသုံးတော့ ပရိယုဋ္ဌာန ကိလေသာတွေ ထကြွသောင်းကျန်းတာကိုလည်း မသိတယ်လို့မရှိဘူးတဲ့၊ သိတာချည့်ပဲ. . . (မှန်ပါဘုရား)။

## သိလုံးကလေးနောက်ကလိုက်လာတယ်

အသိနောက်ကလိုက်လိုက်ပြီးသကာလ လွန်သွားတာပဲ၊ သိလိုက်တာပဲ. . . (မှန်ပါဘုရား)၊ အဲ့ဒီကဲ့သို့ သိလုံးကလေး နောက်ကလိုက်လိုက် . . . လိုက်လိုက်လာခြင်းသည်ပင်လျှင် သောတာပန်၊ နိဗ္ဗာန်အာရုံပြုပြီးသားပုဂ္ဂိုလ်၊ သစ္စာလေးပါးသိပြီး သား ပုဂ္ဂိုလ်မို့သာလျှင် ဒီအထိန်းတို့ အအုပ်တို့ အချုပ်တို့ဆိုတဲ့ သတိပညာနောက်က လိုက်တာတဲ့. . . (မှန်လှပါဘုရား)။

တခြားသော ပုထုဇဉ်တို့မှာ ဒါနဲ့ လုံးဝမဆက်ဆံပါဘူး ကွာတဲ့၊ သူတို့ မလိုက်ပါဘူးကွတဲ့. . . (မှန်ပါဘုရား)၊ တစ်သက် လုံးတောင် မလိုက်တဲ့ ပုဂ္ဂိုလ်ရှိသေး. . . (ရှိပါတယ်ဘုရား)၊ တမိုက်တည်းမိုက်ပြီး တပြောတည်းပြောပြီး တစ်သက်လုံး မကျေဘူးဆိုတဲ့ ဒေါသတွေကော ရှိသေးသလား. . . (ရှိပါတယ် ဘုရား)။

## ပုထုဇဉ်မှာအထိမ်းအချုပ်မပါ

တစ်သက်လုံး တို့မှာနမချနိုင်ဘူးဆိုတာတွေကော . . . (ရှိပါတယ်ဘုရား)၊ အဲ့ဒါတွေကတောဖြင့် ပုထုဇဉ်တို့၏ သဘောတဲ့ နောက်က အထိန်း၊ အအုပ်၊ အချုပ်ဆိုတာ ဒကာ စိန် ဒကာသိက်ပါရဲ့လား. . . (မပါပါဘူးဘုရား)၊ အဲ့ဒါပုထုဇဉ် . . . (မှန်ပါဘုရား)။

သောတာပန်တည်ပြီးသား ပုဂ္ဂိုလ်ကတော့ အထိန်း အအုပ် အချုပ်မှားပြီး-မှားပြီ-မှားပြီ ဆိုပြီး တစ်ခါတည်း သိသိ . . . သိသိပြီး သကာလ ရပ်ရပ်ပစ်တဲ့သဘော. . . (မှန်ပါဘုရား)၊ ဒီလိုကွာခြားတယ်. . . (ကွာခြားပါတယ်ဘုရား)၊

အဲ့ဒါသည် တစ်နံပါတ် သောတာပန် ပုဂ္ဂိုလ်၏ ဆင်ခြင်မှု ပင်တည်းလို့ ဆိုတာမှတ်ပါ. . . (မှန်ပါဘုရား)။

## သောတာပန်ပုဂ္ဂိုလ်တို့၏ အင်္ဂါ(၂)

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ နှစ်နံပါတ်ဟောတော့ မယ်. . . (မှန်ပါဘုရား)၊ သောတာပန် ပုဂ္ဂိုလ်မှာ နှစ်နံပါတ် အင်္ဂါလည်း ပြည့်စုံရမယ်တဲ့. . . (မှန်ပါဘုရား)၊ နှစ်နံပါတ် အင်္ဂါက ဘာပါလိမ့်မလဲလို့ ဒကာ ဒကာမတွေ မေးလို့ရှိရင်ဖြင့် ပြောစရာဆိုစရာရှိလို့ မာနသဘောနဲ့ ပြောလိုက်ဆိုလိုက် မှားလိုက်တွေတော့ ကိုယ်မင်္ဂနဲ့ မပယ်သေးတော့ ဒကာစိန်၊ ဒကာသိုက်တို့ ရှိသေးတာပဲ. . . (ရှိပါတယ်ဘုရား)၊ ထကြွ သောင်းကျန်းလာသေးတာပဲ. . . (မှန်ပါဘုရား)။

ထိုသို့ပင် ထကြွသောင်းကျန်းလာငြားသော်လည်း တစ်ခါ တည်း ငြိမ်းအောင် လုပ်ပစ်လိုက်တယ်. . . (မှန်ပါဘုရား)၊ ဒီကိလေသာကို နောက်ထပ် မပေါ်အောင် ရှုပစ်လိုက်တယ် . . . (မှန်ပါဘုရား)၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)၊

ငြိမ်းအေးအောင့်လုပ်၊ ဟုတ်ပြီလား၊ ငြိမ်းအေးအောင် လုပ်ပစ်လိုက်တယ်. . . (မှန်လှပါဘုရား)၊ ကိလေသာကို တစ်ခါ တည်း မရှိအောင် လုပ်ပစ်လိုက်တယ်. . . (မှန်ပါဘုရား)။

## လွန်သွားတဲ့ ကိလေသာငြိမ်းအောင်လုပ်တယ်

သူက တစ်ခါတည်း နောက်ထပ်မပေါ်ရအောင်ပေါ့ဗျာ . . . (မှန်ပါဘုရား)၊ တစ်ခါတည်း လွန်သွားတဲ့ ကိလေသာ လေးတွေ သည်ကားလို့ဆိုရင် နောက်ထပ်မပေါ်ရအောင် တစ်ခါတည်း ဝိပဿနာခွင် အလုပ်ခွင် တစ်ခါတည်း ဝင်လိုက် တယ်တဲ့၊ နောက်ထပ်မဝင်ရအောင်၊ မှားပြီး. . . မှားပြီး မှားတာ အချေးဆပ်ဦးမှပဲဆိုတဲ့ သဘောမျိုးလို တစ်ခါတည်း ဒကာမ တွေသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဒါဖြင့် ငြိမ်းအောင်လုပ်မှ ဟုတ်ပြီလား၊ ဒီကိလေသာဖြင့် မပေါ်အောင်လုပ်မယ်ဟာ၊ ငြိမ်းအေးအောင်လုပ်မဟာ၊ ဒီကိလေသာမပေါ်အောင် လုပ်မယ် ဟာဆိုတဲ့ လွန်သွားတဲ့ အချက်တွေတောင်မှ နောက်ထပ် မပေါ် အောင် ငြိမ်းအောင်မရှိအောင် တစ်ခါတည်း လုပ်လိုက်ပါ တယ်. . . (မှန်လှပါဘုရား)၊ သဘောကျပြီလား. . . (ကျပါပြီ ဘုရား)။

## ဖြစ်ပျက်ရှုပြီး၊ ချုပ်ပျောက်သွားအောင်လုပ်တယ်

အေး. . . ဒါဖြင့် ဒုတိယအချက်ဟာဖြင့် လွန်သွားတဲ့ ကိလေသာတောင်မှ နောက်ထပ်မပေါ်အောင်၊ ငြိမ်းအောင်၊ မပေါ်လာအောင် ကိလေသာကို ချုပ်ပျောက်သွားအောင် ဒကာ ဒကာမတွေသည်တဲ့ တစ်ခု တစ်ခုသော အာရုံနဲ့ ဖြစ်ပျက်ရှု ပြီးသကာလ မင်းရန်သူပဲ၊ မင်းမလာရအောင်ဆိုပြီး ငြိမ်း အောင်၊ အေးအောင် ချက်ချင်းလုပ်ပစ်တယ်. . . (မှန်လှပါ ဘုရား)။

အဲဒါ သောတာပန် ပုဂ္ဂိုလ်၏ နှစ်နံပါတ် အင်္ဂါလို့ဆိုးဖြတ် ချက်ချပါ. . . (မှန်လှပါဘုရား)၊ ဟုတ်ပြီလား။

ကိုင်း. . . ဒါဖြင့် သောတာပန် ပုဂ္ဂိုလ်မှာ ဒီနှစ်ချက် ညီညွတ်ရမယ်ဆိုတာလည်း သိပြီးကြပြီး. . . (သိပါပြီဘုရား)။

## သောတာပန်ပုဂ္ဂိုလ်၏ ဆင်ခြင်မှု(၃)

သုံးနံပါတ်ဟောမယ် ဒကာ ဒကာမတို့၊ သုံးနံပါတ်ဟော တော့မယ်တဲ့ . . . (မှန်ပါဘုရား)၊ အဲ့ဒီ သုံးနံပါတ်ကဘာလဲ လို့ မေးတဲ့အခါကျတော့၊ မိမိက သောတာပန် တည်ပြီးသား . . . (မှန်ပါဘုရား)၊ သမ္မာဒိဋ္ဌိဉာဏ်အမြင်နဲ့ ပြည့်စုံပြီးသား၊ သစ္စာလေးပါးထင်မြင်ပြီးသားပေါ့. . . (မှန်ပါဘုရား)။

အဲ့ဒီကဲ့သို့ သောတာပန်ဖြစ်၍ သစ္စာလေးပါးထင်မြင်ပြီး သား ပုဂ္ဂိုလ်သည်တဲ့ သူ့စိတ်ထဲ ဆင်ခြင်တယ်. . . (မှန်ပါ ဘုရား)၊ ဩော် . . . မိမိဟာဖြင့် သောတာပန် ခရီးသို့ ပေါက် ရောက်လာခဲ့ပေပြီ။ ဟို . . . သောတာပန်တွေလည်း ဒီအတိုင်း နေမှာပဲ မိမိသောတာပန်လည်း ဒီအတိုင်းပဲ. . . (မှန်ပါဘုရား)။

သို့သော် တခြားသော သာသနာတော်မှာတော့ ဒီလို သောတာပန်စခန်း၊ အရိယာသို့ တက်လှမ်းနိုင်တဲ့ သဘောတွေ၊ နည်းလမ်းတွေ၊ စည်းကမ်းတွေ၊ ဩော် . . . . ဘယ်နည်းနဲ့မှ မရှိဘူးလို့ သူ့စိတ်ထဲတွေးလုံး ပေါ်လာတယ်. . . (မှန်လှပါ ဘုရား)။

## အခြားသောသာသနာမှာ ရဟန္တာမရှိ

တစ်ပါးသော သာသနာတော်မှာဖြင့် သောတာပန် သကဒါဂါမ်၊ အနာဂါမ် ရဟန္တာ ဆိုတာတွေဟာ ဘယ်နည်းနဲ့မှ မရှိဘူး. . . (မှန်ပါဘုရား)၊ ဆိုတဲ့ ဥစ္စာ သူ့ဟာသူကိုပဲ ဆုံးဖြတ် ချက်ချပြီး သိလာတယ်. . . (မှန်ပါဘုရား)။

ဒါကြောင့် တစ်နေ့က ဥပါလိဒကာကြီး သောတာပန် တည်ပြီးရင်ပဲ၊ တိတ္ထိတွေ ဆွမ်းမလောင်းတော့ဘူး၊ မထင်ရှား ဘူးလား. . . (ထင်ရှားပါတယ်ဘုရား)။

အင်း. . . ဒါတွေကို လျှုဒါန်းပေးကမ်းပြီး သကာလ နေသဖြင့် တို့မှာလည်း ထွက်ရပ်လမ်းမဟုတ်ဘူး၊သူတို့ကလည်း ထွက်ရပ်လမ်း သဘောမရှိဘူး. . . (မှန်ပါဘုရား)၊ ဆိုပြီး သကာလ သောတာပန်တည်ပြီးတဲ့နေ့ပဲ၊ နေ့တိုင်းဆွမ်းလောင်း နေတဲ့ တတ္ထိပေါင်း တစ်ထောင့်ကိုးရာ ကိုပင်လျှင် ဆွမ်းအုပ် တွေ အကုန်ပိတ်ပစ်လိုက်တယ်. . . (မှန်ပါဘုရား)။

အရိယာ၊ ဒီသောတာပန်စခန်းကို တက်လှမ်းဖို့အရေး အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေ ၊ သောတာပန်တည်ပြီးသား ပုဂ္ဂိုလ် အရိယာ သံဃာတွေ ဟုတ်လား၊ အဲ့ဒါတွေ ကျတော့ ဝင်စေ၊ ထွက်စေ ဆွမ်းခံစေဆိုပြီး သကာလ တံခါးမှူးတွေမှာထား တယ်. . . (မှန်ပါဘုရား)။

တစ်ပါးသော သာသနာမှာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်မရှိတာ ကောင်းကောင်း သိတဲ့အတွက် . . . (မှန်ပါ ဘုရား)၊ ဘုရားက မလောင်းနဲ့ဆိုလို မလောင်းတာမဟုတ်ဘူး၊ သူ့ဟာသူ သိပြီး သကာလ တစ်ပါးသော သာသနာတော် မှာဖြင့် ထွက်ရပ်လမ်း၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် တည်ခြင်း၏ အကြောင်းမုချမရှိဘူးဆိုတာ ကိုယ်တိုင်သိဖြစ်သွား ခြင်းကြောင့်၊ မလောင်းတော့တာပဲ. . . (မှန်ပါဘုရား)။

## သောတာပန်ခရီးသို့ ပေါက်ရောက်ပြီး

ဒီမှာလည်း ဒကာ ဒကာမတွေ အင်း. . . တို့လုပ်နေတဲ့ အလုပ်ဟာဖြင့် သောတာပန်ခရီးသို့ ပေါက်ရောက်ပြီးသကာလ လာခဲ့ပြီလို့ . . ရောက်တဲ့ပုဂ္ဂိုလ်လည်း ဒီလိုဆင်ခြင်ပါတယ်. . . (မှန်လှပါဘုရား)။

## နိဗ္ဗာန်ကိုမြင်နိုင်တဲ့နည်းလမ်းမရှိ

ထိုကဲ့သို့ ဆင်ခြင်တော့ တစ်ပါးသော သာသနာတော်မှာဖြင့် ဤကဲ့သို့သော အလုပ်မျိုး၊ ဤကဲ့သို့သော ထွက်ရပ်လမ်း အလုပ်မျိုး၊ ဤကဲ့သို့ ဝိပဿနာရှုပြီးသကာလ၊ ဉာဏ်စဉ်နဲ့ တက်ပြီးသကာလ ဒုက္ခပိုင်းခြားပြီး၊ နိဗ္ဗာန်ကို မြင်နိုင်တဲ့နည်း လမ်းသောတာပန် စခန်းတော့ဖြင့် မုချမရှိဘူး၊ တစ်ပါးသော သာသနာမှာ. . . (မှန်လှပါဘုရား)၊ ဒီလို့ကို ဆင်ခြင်မိသွားတယ်. . . (မှန်လှပါဘုရား)။

ဘယ်နှစ်ချက် ရှိသွားပြီတုံး . . . (သုံးချက်ရှိသွားပါပြီဘုရား)၊ သုံးချက်ရှိသွားပြီ ဒကာ ဒကာမတို့၊ သုံးချက်ရှိသွားပါပြီ။

ဒါ. . သောတာပန် ပုဂ္ဂိုလ်၏ ဆင်ခြင်မှု၊ ပုထုဇဉ်များမှာတော့ ဒီဆင်ခြင်မှုမရှိဘူးတဲ့၊ ဘယ်သူလာလာကွာတဲ့၊ ဟုတ်လား ထိုက်တန်သလောက်တော့ ပေးလိုက်၊ ကျွေးလိုက်၊ ကမ်းလိုက်

တာပေါ့ကွာ၊ သူတို့ဟာသူတို့ကွယ်ရာ ရောက်မှ ဘာလုပ်လုပ် ပေါ့ပေါ့ကွာ၊ ကိုယ့်သဒ္ဓါတရားတော့ အပျက်မခံပါနဲ့ဆိုတဲ့ သဘောမျိုး လာတတ်တယ်. . . (လာတတ်ပါတယ်ဘုရား)။

## စဉ်းစားဆင်ခြင်တဲ့ ဉာဏ်ပါလာတယ်

သောတာပန်တည်ပြီးသား ပုဂ္ဂိုလ်ကတော့ တစ်ပါးသော သာသနာအရိယာ မရှိဘူးဆိုတာ ဆုံးဖြတ်ချက်ချတဲ့အတွက် တစ်ပါးသော သာသနာကို အားပေးမှု ကူညီမှုမရှိတော့ဘူး . . . (မှန်ပါဘုရား)၊ ဒီလိုကွာသွားတယ်၊ မကွာဘူးလား ဒကာ ဒကာမတို့ . . . (ကွာပါတယ်ဘုရား)၊ မထူးခြားဘူးလား. . . (ထူးခြားပါတယ်ဘုရား)။

ဘယ်နှယ့်ကြောင့် ထူးခြားသတုံးဆိုတော့ ပုထုဇဉ်နဲ့ အကွာကြီး ကွာလို့ အထူးကြီးထူးပြီး၊ အခြားကြီး ခြားနားတယ် ဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

ပုထုဇဉ်လို့ ယောင်ယောင်ယမ်းယမ်း ဒီလိုလုပ်သေး ရဲ့လား. . . (မလုပ်ပါဘူးဘုရား)၊ အင်း. . . ဒါကြောင့် သူတို့မှာတော့ အဲဒီတဲ့သို့ စဉ်းစားဆင်ခြင်တဲ့ တတိယဉာဏ်ပါ လာတယ်. . . (မှန်ပါဘုရား)၊သောတာပန်ပုဂ္ဂိုလ်မှာနော်. . . (မှန် ပါဘုရား)၊ စဉ်းစားဆင်ခြင်တဲ့ တတိယဉာဏ်ပါလာတယ်ဆို တာ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

## သောတာပန်ပုဂ္ဂိုလ်၏ စိတ်ထား (၄)

အေး. . . ဒါဖြင့် ကိုယ့်ဟာကိုယ် စစ်ဆေးဖို့သုံးချက်ဖြင့်ပြီးသွားပြီ. . . (မှန်လှပါဘုရား)၊ ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ (၇)ချက်တောင်ရှိတော့ကိုတဲ့ လေးချက်မြောက်ကို ဟောဖို့အစဉ်ရောက်လာတယ်. . . (မှန်လှပါဘုရား)။

လေးချက်မြောက်က ဘာပါလိမ့်မလဲလို့ မေးဖို့လိုတယ် . . . (မှန်ပါဘုရား)၊ လေးချက်မြောက်က ဒကာ ဒကာမတို့ ဥပမာမယ် ကိုယ့်မှာမပယ်နိုင်သေးတဲ့ ကိလေသာတွေရှိတော့ ပြောမှား ဆိုမှားတွေ လာတာပေါ့ဗျာ၊ ပြောမှားဆိုမှားတွေ လာတယ်. . . . . (မှန်ပါဘုရား)။

## အပြစ်ကို ဖြေပျောက်လို့ စိတ်ချက်ချင်းပေါ်တယ်

လာလို့ရှိရင်ဖြင့်၊ အင်း . . . ဒါလွန်သွားပြီ၊ လွန်သွားပြီ၊ လွန်သွားပြီဆိုပြီးသကာလ ဒါအပြစ်တော့ သင့်သွားပြီ၊ဒီအပြစ်ကို ဖြင့် ငါသည် သိကြားလိမ္မာတဲ့ ပုဂ္ဂိုလ်ဆီသွားပြီးသကာလ ဖြေဖျောက်မှပဲ ဆိုတဲ့ ပုဂ္ဂိုလ်ဆီသွားပြီသကာလ ဖြေဖျောက်မှပဲဆိုတဲ့ စိတ်ချက်ချင်း ပေါ်လာတယ်. . . (မှန်လှပါဘုရား)။

ရဟန်းဖြစ်ခဲ့လို့ရှိရင် ဒေသနာသွားကြားမယ်. . . (မှန်ပါဘုရား)၊ ဘယ်လောက်ပဲဝေးဝေး၊ တစ်ယူဇနာပဲ ဝေးဝေး၊ ဒီအပြစ် သင့်ပြီးရင် ချက်ချင်းပြေးတာပဲ. . . (မှန်လှပါဘုရား)၊

သိသိချင်း တစ်ခါတည်း အပြစ်တော့ သင့်သွားပြီ၊ သင့်သွားပြီ ဒီဥစ္စာ ဖြေဖျောက်မှာပဲဆိုပြီး သကာလ ဒီကနေပြီး ကျောက် ဆည်လောက်မှာ ရဟန်းရှိနေတယ်၊ ဒီဖက်ရဟန်းမရှိဘူးဆိုပြီး တော့ ဟိုမှာသွားပြီး ဒေသနာကြားတယ်၊ ပပျောက်သွားအောင် . . . (မှန်ပါဘုရား)။

တစ်ခါတည်းကို ဆေးကုပစ်လိုက်တယ်၊ ချက်ချင်းပေါက်၊ ချက်ချင်းပျောက်အောင်၊ သဘောကျပြီလား. . . (ကျပါပြီ ဘုရား)။

ချက်ချင်း အနာပေါက်၊ ချက်ချင်းပျောက်အောင် တစ်ခါ တည်း ကုသပြီးသကာလ ၊အရေးတကြီးလုပ်တဲ့အလေ့ရှိပါတယ် . . . (မှန်လှပါဘုရား)၊ သဘောကျပြီလား . . . (ကျပါပြီ ဘုရား)။

ဒီလူသောတာပန်တွေကျလာတော့ ဒီလိုကျတော့ ကုသ စရာက၊ ရဟန်းတွေကဲ့သို့ နှစ်ပါးဒေသနာကြားမှု အလုပ်က လူမှာတော့မရှိဘူး. . . (မရှိပါဘူးဘုရား)။

## ဝိပဿနာအလုပ်နဲ့ ဖြေဖျောက်ပစ်တယ်

ထိုကဲ့သို့ မရှိတဲ့အတွက် ကိုင်း . . . ဒီနေ့တော့ဖြင့် မှားပြီး မှားတဲ့အလုံးတွေ တယ်များတယ်၊ အမှားတွေ အချေးဆပ်မှပဲ၊ ဒီအမှားတွေ အကုန်ဒီနေ့တော့ဖြင့် တစ်ချက်မှားတယ်၊ နှစ်ချက်

မှားတယ်၊ ကဲ တစ်နာရီမှားတယ်၊ နှစ်နာရီဝိပဿနာအလုပ်နဲ့ လုပ်ပစ်လိုက်တယ်၊ ဒီနေ့တော့ကွာ ဘယ်နည်းနဲ့မှ အလျှော့ မပေးဘူးဟေ့၊ အမှားတွေ ဟူသရွေ့၊ အကုန်ဖျောက်ပစ်မယ် ဟေ့ဆိုပြီး အလုပ်ခွင်ပြန်ဝင်လာပြီး၊ ခါတိုင်းထက် ကြိုးစား ပစ်လိုက်တာ . . . (မှန်လှပါဘုရား)။

ဒါကတော့ လူပုဂ္ဂိုလ်တွေမှာတော့ ဒါပဲ သူ့ကုစရာ၊ သစရာကရှိသကိုးဗျ . . . (မှန်လှပါဘုရား)၊ အနာပေါက်လို့ နော်. . (မှန်လှပါဘုရား)၊ ခုနက အကုသိုလ်အနာကြီးပေါက် လို့ပေါ့ဗျာ. . . (မှန်လှပါဘုရား)၊ ချက်ချင်းကုတယ်ဆိုတာ ကော သဘောကျပြီလား. . . (ကျပါပြီဘုရား)။

## ကိုယ့်အလုပ်ကိုယ်လုပ်လေ့ရှိတယ်

အေး. . . ချက်ချင်းမှားပြီး သကာလ၊ ချက်ချင်းလွန်ကုန် ပြီ၊ လွန်ကုန်ပြီ- လွန်ကုန်ပြီ-လွန်ကုန်ပြီ၊ ဒီလိုနေလို့မဖြစ်ဘူး၊ ကိုယ့်နေရာ ကိုယ်သွားမှပဲ. . . (မှန်ပါဘုရား)၊ ကိုယ့်အလုပ် ကိုယ်လုပ်မှပဲ ဒါတွေသာလျှင် ဖြေဖျောက်ဖို့အရေး၊ ရှိတော့ တယ်ဆိုတဲ့ ဥစ္စာကို ချက်ချင်းသတိရပြီး၊ ချက်ချင်းဖြေဖျောက်တဲ့ နေရာကို လွတ်မြောက်တဲ့နေရာကို ဒီနေရာ အကုသိုလ် ဖြစ်တယ်၊ ဟိုနေရာသွားပြီး သကာလ ၊ ကိုယ့်အလုပ် ကိုယ်လုပ် ပါတော့မယ်ဆိုပြီး ချက်ချင်း ပြေးတော့တာပဲ . . . (မှန်ပါ

ဘုရား)။

ပြေးပြီးသကာလ ကိုယ့်အလုပ် ကိုယ်ပဲ တွင်တွင်ကြီး လုပ်လေ့ရှိပါတယ်. . . (မှန်လှပါဘုရား)၊ ဒါက ဘယ်နံပါတ်လဲ . . . (လေးနံပါတ်ပါဘုရား)။

လေးနံပါတ်ကို ဥပမာနဲ့ တစ်ကွ ပြလိုက်ဦးမယ်၊ လေးနံပါတ် ဥပမာနဲ့ တကွ ဘုရားက သေချာအောင်လို့ ပြောပြန်တယ်. . . (မှန်လှပါဘုရား)။

## လသားကလေးငယ်၊ ဥပမာ

နှစ်လသား ၊ သုံးလသား ကလေးလေးဆိုလို့ရှိရင် ကိုယ့်ဟာကိုယ် မစောင်းနိုင်သေးတော့ ပက်လက်ကလေးရင်လဲ ဖြစ်ဟတ်တယ်၊ တစ်နည်းအားဖြင့်လည်း သူတစ်ပါးက ပွေ့ချီလို့ ခြေထောက်ကလေးနဲ့ ဟိုသွား ဒီသွား သွားတတ်သပေါ့ဗျာ . . . (မှန်လှပါဘုရား)၊ သူတစ်ပါးက ပွေ့လို့။

အဲ့ဒီတော့၊ မီးခဲကလေး နင်းမိတယ်၊ လက်ကလေးနဲ့ မီးခဲကလေး ယောင်ကိုင်မိမယ်ဆိုရင်ဖြင့် အသားကနုနုကို အလောင်ကမြန်သောကြောင့် ချက်ချင်း နောက်ပြန်ဆုတ်တယ် . . . (မှန်ပါဘုရား)၊ ခြေထောက်ကလေးနဲ့ နင်းမိလည်း ချက်ချင်းနောက်ပြန်ဆုတ်တယ်. . . (မှန်လှပါဘုရား)။

ခြေထောက်ကလေးနဲ့ နင်းမိလည်း ချက်ချင်း နောက်ပြန်ဆုတ်တယ်. . . (မှန်လှပါဘုရား)၊ ခြေထောက်နဲ့ ထိလည်း ခြေထောက်ပြန်ဆုတ်တယ် . . လက်နဲ့ကိုင်မိရင်တော့. . . (နောက်ပြန်ဆုတ်ပါတယ်ဘုရား)၊ ချက်ချင်းဆုတ်တယ်။

## ချက်ချင်းနောက်ပြန်ဆုတ်တာချည့်ပဲ

အဲ့ဒီလိုပဲ ဟော့တဲ့၊ စတုတ္ထအချက်ဟာ ချက်ချင်း နောက်ပြန်ဆုတ်တာချည့်ပဲတဲ့. . . (မှန်လှပါဘုရား)၊ အကုသိုလ်ဖြစ်တယ်ဆိုလို့ရှိရင်ဖြင့်တဲ့ တော်ပြီ . . တော်ပြီ. . . တော်ပြီ၊ တန်ပြီ . . . တန်ပြီ. . . တန်ပြီ ဆိုပြီး ကလေး ကလေး ပြန်ဆုတ်သလို အမြန်ဆုံး နည်းနဲ့ ဆုတ်သလို၊ သောတာပတ္တိမဂ်အမြင်နဲ့ နိဗ္ဗာန်ကို စူးစိုက်ပြီးသား၊ ပုဂ္ဂိုလ်များမှာ ချက်ချင်းသာ နောက်ပြန်ဆုတ်တော့တယ်၊ အမှားဖက်ကို နောက်ထပ်မလိုက်တော့ပါဘူး. . . (မှန်လှပါဘုရား)၊ ဟုတ်ပြီလား။

## နောက်မလုပ်ပါဘူးဆိုတဲ့ စိတ်

နောက်လည်း မလုပ်ပါဘူးဆိုတဲ့ စိတ်နဲ့ ဆုံးဖြတ်ချက်ချပြီး သကာလ အလုပ်ခွင်သာဝင်ပြီး သကာလ ပြေပျောက်အောင် လုပ်ပစ်လိုက်တာပဲ. . . (မှန်လှပါဘုရား)၊ မှားထားတာတွေ ပြေပျောက်အောင်လုပ်လိုက်တော့တယ်. . . (မှန်ပါ

ဘုရား)၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)၊ ဥပမာနဲ့တကွ လေးနံ့ပါတ်ကပြတယ်. . . (ပြပါတယ်ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)၊ လွန်ကျူးတဲ့ ကိလေသာကို ချက်ချင်း ကုသချင်တဲ့စိတ် ချက်ချင်းပေါ်လို့ ချက်ချင်းပဲ အလုပ်ခွင်ဝင်ပြီး သကာလ၊ ဝေဒနာကြိုက်တဲ့ ပုဂ္ဂိုလ်ဟာ ဝေဒနာရှု၊ စိတ်ကြိုက်တဲ့ ပုဂ္ဂိုလ်ဟာ စိတ်ရှု၊ ရုပ်ကြိုက်တဲ့ပုဂ္ဂိုလ်ဟာ ရုပ်ရှု. . . (မှန်ပါဘုရား)။

ငါးနံ့ပါတ်ပြောမယ်၊ သောတာပန်တည်ပြီးသားပုဂ္ဂိုလ်များမှာတဲ့ ငါးနံ့ပါတ်က ဘာပါလိမ့်မလဲလို့ ဒကာ ဒကာမတွေ စဉ်းစားပြီးသကာလ နားထောင်ကြ. . . (မှန်ပါဘုရား)။

## သောတာပန်တည်ပြီးသား ပုဂ္ဂိုလ်၏ စိတ်(၅)

သောတာပန်တည်ပြီးသား ပုဂ္ဂိုလ်မှာတဲ့ ဆွေတွေမျိုးတွေ မိတ်ဆွေသင်္ဂဟတွေကတော့ရှိလျက်ပဲတဲ့. . . (ရှိပါတယ်ဘုရား)၊ ရှိတော့ မိတ်ဆွေသင်္ဂဟတွေက အမှုလုပ်ဖို့ရာလာခဲ့စမ်းပါ၊ ကိစ္စရှိလို့၊ မင်္ဂလာအခမ်းအနားရှိလို့၊ ကိစ္စရှိလို့၊ အသုဘကိစ္စရှိလို့၊ ဧည့်သည်စောင်သည် ကျွေးစရာမွေးစရာရှိလို့၊ မနိုင်ဝန်မို့ ကူစမ်းပါ၊ ချက်စရာ ပြုတ်စရာတွေလည်းရှုပ်လို့၊ သွားပြီး သကာလ၊ ကူချင်တဲ့စိတ်လည်း သောတာပန်ပုဂ္ဂိုလ်မှာ အင်မတန်မှ များပါတယ်. . . (မှန်လှပါဘုရား)။

## သီလ၊ သမာဓိ၊ ပညာကို အပျက်မခံ

များပင် များငြားသော်လည်း ဟိုအိမ်မှာလုပ်ရမယ့် အလုပ်သည်၊ အကုသိုလ်များမယ်ဆိုလို့ရှိရင်ဖြင့်တဲ့ သူ့စိတ်ထဲမှာ ကူသာကူရတယ်၊ အကုသိုလ်ဖြစ်မယ့်အလုပ်ကျတော့ သူသည် သီလပျက်မှာလည်းစိုး၊ သမာဓိပျက်မှာလည်းစိုး၊ သူ့ပညာပျက်မှာလည်းစိုးတဲ့အတွက်တဲ့ ကူလည်းကူတယ်၊ သီလ၊ သမာဓိ ပညာကိုလည်း အပျက်ခံပြီးတော့ ဘယ်တော့မှ မလုပ်ဘူးတဲ့. . . (မှန်လှပါဘုရား)၊ ရိုပ်မိပြီလား. . . (ရိုပ်မိပါပြီဘုရား)။

## ကူလည်းကူညီပါတယ်

မကူမညီဘဲလည်း မရှိပါဘူးတဲ့ . . . (မှန်ပါဘုရား)၊ ကူလည်း ကူညီပါတယ်တဲ့ ဒကာ ဒကာမတို့ . . . (မှန်လှပါဘုရား)၊ ကူညီပြီးသည့် အခြားမဲ့၌လည်း ကူညီရင်း မတ္တနဲ့ ကိုယ့်သီလ၊ ကိုယ့်သမာဓိ၊ ကိုယ့်ပညာကိုဖြင့် ဒကာ ဒကာမတို့ ဘယ်နည်းနဲ့မှ ဒီသောတာပန်တည်ပြီးသား ပုဂ္ဂိုလ်က သီလပျက်ခံ၍ သူ့ကူညီမယ်၊ သမာဓိပျက်ခံ၍ သူ့ကူညီမယ်၊ဟုတ်ပြီလား . . . (မှန်ပါဘုရား)၊ ပညာပျက်ခံ၍ သူ့ကူညီမယ်ဆိုတဲ့ စိတ်သဘောမရှိဘူး. . . (မှန်ပါဘုရား)။

သီလ၊ သမာဓိ ၊ ပညာကိုသာ ပိုမိုပြီး သကာလ၊ ငဲ့တော့တယ် . . . (မှန်ပါဘုရား)၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)၊ ဝတ္တရားအတိုင်းတော့ ကူလိုက် ညီလိုက်တာပဲ၊ သူခိုးလာတဲ့ပစ္စည်းကိုပင်လျှင် မတရားသဖြင့် ခံရတော့မယ်ဆိုလို့ရှိရင်ဖြင့် မခံနိုင်ဘူးပဲ . . . (မှန်လှပါဘုရား)၊ ဟုတ်ပြီလား။

## ဘယ်လောက်ပဲချစ်ချစ် သီလအပျက်မခံဘူး

ဘယ်လောက်ပဲ ချစ်လို့၊ ဘယ်လောက်ပဲ ရင်းနှီးပြီး သကာလ၊ ဘယ်လောက်ပဲ ကျေးဇူးများများ၊ ကိုယ့်သီလပျက်ပြီး၊ မုသားအဖြစ်တော့ မခံနိုင်ဘူး . . . (မှန်ပါဘုရား)၊ ကိုယ့်သမာဓိပျက်ကော . . . (မခံနိုင်ပါဘူးဘုရား)၊ ကိုယ့်ပညာပျက်ကော . . . (မခံနိုင်ပါဘူးဘုရား)။

အဲ့ဒီကဲ့သို့ သီလ၊ သမာဓိ၊ ပညာကို အမြဲငဲ့ကွက်ပြီး သကာလ၊ ကူညီမှုရှိပါတယ် . . . (မှန်ပါဘုရား)၊ ကူတော့ ကူညီတာပဲ . . . (မှန်ပါဘုရား)၊ ကိစ္စကြီးငယ်ရှိရင် သွားကူညီ၊ ဆောင်ရွက်လိုက်တာပဲ . . . (မှန်ပါဘုရား)။

## အဖိုးတန်ပစ္စည်း၊ အထိမခံဘူး

သို့သော် ကိုယ့်အဖိုးတန်ပစ္စည်းဖြစ်တဲ့ သီလ၊ သမာဓိ ပညာကိုတော့ဖြင့် ဘယ်နည်းနဲ့မှ သူသည် အထိမခံဘူး . . .

(အထိမခံပါဘုရား)၊ သူ့ဟာဆင်ခြင်လျက်ပေါ့ဗျာ။ သီလထိမှာလား၊ သမာဓိထိမှာလား၊ ပညာထိမှာလား အဲ့ဒီထိမယ်ဆိုလို့ရှိရင်ဖြင့် မလုပ်တော့ဘူး. . . (မှန်ပါဘုရား)၊ မလုပ်တော့ဘူး၊ မလုပ်တော့ဘူး၊ ဆင်ခြင်တယ်ဆိုတာ မပေါ်သွားသေးဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

ကိုယ့်ထိမှာကို ကိုယ်သိတာဆိုတာ ဆင်ခြင်လို့ပေါ့ဗျာ . . . (မှန်လှပါဘုရား)၊ အဲ . . . ဆင်ခြင်လို့သိတော့ ထိမယ့်အလုပ်ဖြင့် မလုပ်တော့ဘူး . . . (မှန်ပါဘုရား)။

## မလွဲသာလို့ဆိုတာမရှိဘူး

သီလထိမယ်၊ သမာဓိထိမယ်၊ ပညာထိမယ်ဆိုရင်ဖြင့် မလွဲသာလို့ လုပ်လိုက်ရတယ်၊ ပုထုဇဉ်များကဲ့သို့ မဟုတ်ပါဘူး . . . (မှန်ပါဘုရား)၊ ကျုပ်ဖြင့် မုသားကလေး အနည်းငယ်ပါသွားတယ်၊ မလွဲသာပဲကိုး၊ ဟိုက မလွဲသာမရှိဘူး၊ မလွဲသာမရှိဘူး၊ မပြောဘူးပဲ. . . (မှန်ပါဘုရား)။

မပြောဘူးပဲ၊ ရှောင်မယ်ပဲ၊ ဘယ်နည်းနဲ့မှ ဓားဂုတ်ပေါ်ဝဲပြီး သကာလ ခိုင်းစေကာမူ၊ ဘယ်နည်းနဲ့မှ သူသည်ကားလို့ဆိုလို့ရှိရင်ဖြင့်တဲ့ သီလ သမာဓိ ပညာကိုဖြင့် ဒကာသိုက်ရေ၊ ဒကာစိန်ရေ အပျက်မခံဘူးတဲ့ . . . (မှန်ပါဘုရား)၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

လောကီဥပမာပြလိုက်ရမယ်ဆိုလို့ရှိရင်ဖြင့်တဲ့ ဒီငါးနံပါတ်မှာ ဘုရားက၊ ဘယ်လိုပြလိုက်သတုံးဆိုတော့၊ နွားမကြီး၊ ဥပမာနဲ့ ပြတယ်. . . (မှန်ပါဘုရား)၊ နွားမကြီးသည်တဲ့ သူ့နွားငယ်ကလေး မွေးစပေါက်ရှိတယ်. . . (မှန်ပါဘုရား)။

## နွားမကြီးဥပမာ

သူ့နွားရှင်က သူ့ကြိုးကလေးနဲ့ ဆွဲလာပြီး သကာလ မြက်ပေါတဲ့ နေရာချိုပြီသကာလ ထားတယ်. . . (မှန်ပါဘုရား)၊ သူ့သားကလေးလည်း လိုက်လာတာပဲ. . . (မှန်ပါဘုရား)၊ လိုက်လာပေမယ့် မြက်လည်းစားလျက်ပဲ၊ သူ့သား၏ ပျောက်မှုရှုမှု အန္တရာယ်တွေ့မှုကိုလည်း အမြဲစောင့်ရှောက်ပြီးကြည့်နေတာပဲ. . . (မှန်ပါဘုရား)၊ မြက်စားလည်း မပျက်ပါဘူးတဲ့ . . . (မှန်ပါဘုရား)၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

## အစာကိုလည်း စားတယ်၊ သားလည်းကြည့်တယ်

သူ့သားသမီး ငဲ့ကွက်မှုကော . . . (မပျက်ပါဘူးဘုရား)၊ ဒါဖြင့် အစာလည်းစား၊ သားလည်းကြည့်. . . (မှန်ပါဘုရား)၊ ဒီအလုပ်လုပ်လေ့ရှိတယ်. . . (မှန်ပါဘုရား)။

ထို့အတူပဲတဲ့ သောတာပန်ပုဂ္ဂိုလ်များမှာ ဒကာ ဒကာမတို့ သေသေချာချာသာ မှတ်ပါတော့ ဘယ်နည်းနဲ့မှ သူတစ်ပါး

ကိစ္စကို ကူရညီရငြားသော်လည်း၊ ကိုယ့်ကိုယ်ကို ဆိုတဲ့ ကိုယ့်သားနဲ့ တူတဲ့ ကိုယ့်ကိုယ်ကိုဖြင့်ဟုတ်ပြီလား. . . (မှန်ပါဘုရား)၊ ကိုယ့်မှာရှိတဲ့ သီလ၊ ကိုယ့်မှာရှိတဲ့ သမာဓိ၊ ကိုယ့်မှာရှိတဲ့ ပညာတို့ကိုဖြင့် ဘယ်နည်းနဲ့မှ အထိအခိုက်မခံနိုင်ဘူး. . . (မှန်လှပါဘုရား)။

## ဆင်ခြင်မှုရှိလို့ အလုပ်လုပ်နိုင်တာ

ကူတော့ကူမှာပဲ. . . (မှန်လှပါဘုရား)၊ ထိမယ့်အလုပ်ကိုဖြင့် အထိမခံဘူး၊ ကူတော့ကူညီပါတယ်။ ဝိုင်းဝန်းပါတယ်၊ ဆောင်ရွက်ပေးပါတယ်။ ထိုသို့ပင် ရွက်ဆောင်ပေးငြားသော်လည်း နွားမကြီးသည် မြက်စားငြားသော်လည်း နွားငယ်ကြည့်မှုမလွတ်သလို၊ သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ဉာဏ်နဲ့ သစ္စာလေးပါးကို သိပြီးသား ပုဂ္ဂိုလ်သည် ဤကဲ့သို့သောနှစ်ဖက်ကြည့် အလုပ်ကို အမြဲတမ်းလုပ်လေ့ရှိတာသည် သောတာပန်ပုဂ္ဂိုလ်၏ ဆင်ခြင်မှုရှိလို့ ဒီအလုပ်လုပ်နိုင်တာ . . . (မှန်လှပါဘုရား)၊ ရှင်းပြီးလား. . . (ရှင်းပါပြီဘုရား)။

ဒါက နံပါတ်ဘယ်လောက်ပါလိမ့်. . . (ငါးနံပါတ်ပါဘုရား)၊ ရှင်းကြပြီလား ဒကာ ဒကာမတို့ . . . (ရှင်းပါပြီဘုရား)၊ သောတာပန်ပုဂ္ဂိုလ်များလေ . . . (မှန်ပါဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ပရိတ်ကြီးထဲမှာ ကိုးချလိုက်ရင် သိတယ် ဒကာသိုက်။

ကိစ္စာပိ သော ကမ္မံ ကရောတိပါပကံ ကာယေန ဝါစာ ဥဒ စေတသာ ဝါ အဘဗ္ဗသော တဿပဋိစ္ဆဒါယ၊ အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ၊ ဣဒမ္ပိသံဃေရတနံ ပဏီတံ၊ ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

မလာဘူးလား . . . (လာပါတယ်ဘုရား)။

ကိစ္စာပိ သော ကမ္မံကရောတိ ပါပကံ တဲ့ သောတာပန် ပုဂ္ဂိုလ်ဟာတဲ့ သူမပယ်သေးတဲ့ အလုပ်တွေကိုတော့ လုပ်တာပါ ပဲ. . . (မှန်ပါဘုရား)။

## ဖုံးဖိထားမယ်ဆိုတာ မရှိဘူး .

သို့သော်လည်း သူသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဒီအလုပ် ကို ဖုံးဖိပြီး သကာလ ထားမယ်လို့ ဘယ်တော့မှ မရှိဘူး. . . (မှန်ပါဘုရား)။

တစ်ခါတည်းပေါ်လွင် ထင်ရှားပြီး သကာလ သူသည် ကားလို့ဆိုလို့ရှိရင်ဖြင့် သူ့ကိုယ်သူ ငဲ့ပြီးသကာလ မြန်မြန်ပဲ ကုခြင်း သခြင်း၊ ဆင်ခြင်ခြင်း၊ ချက်ချင်းလုပ်ပစ်တာပဲ . . . (မှန်ပါဘုရား)။

ကာယကံ၊ ဝစီကံ၊ မနာကံ မှားထားလို့ရှိရင် ကာယကံ လည်း ဖုံးဖိ၍ မထားဘူးတဲ့. . . (မှန်ပါဘုရား)၊ ပြောလိုက်တာ ပဲ၊ ကျူပ်မှားပြီ၊ ဝစီကံဖြင့်လည်း မှားသွားတယ်၊ ကျူပ်မှားပြီ

ချက်ချင်းလာတာပဲတဲ့၊ မနေ့ကမှားပြန်ရင်ကော. . . (ချက်ချင်းလာပါတယ်ဘုရား)။

အဲ . . . ဒါ ကျုပ်မှားပြီ ကျုပ်မနေ့ကိုက ကျုပ်မှားတယ် ဆိုတာလည်း ကိုယ့်ဟာကိုယ် သိပြီးသကာလ၊ ဖုံးဖိမထားဘူးတဲ့. . . (မှန်ပါဘုရား)။

အဲ့ဒီ ဖုံးဖိမထားဘူးဆိုကလည်းကိုက ဒကာ ဒကာမတို့ သိလောက်ပါပြီတဲ့၊ ခုနက လျှို့ဝှက်ပြီးသကာလ လုပ်မယ်ဆိုတဲ့ သဘောတွေ အကုသိုလ်ကို ဆိတ်ကွယ်ရာ၌ လုပ်ဦးမယ်၊ လုပ်ပြီးသည့် အခြားမဲ့၌ ဖုံးဖိထားမယ်ဆိုတာဘယ်တော့မှ မရှိပါဘူး. . . (မှန်ပါဘုရား)။

## သီလ၊ သမာဓိကို အထိမခံဘူး

ကြည့်လျက်ပဲတဲ့ ဒကာ ဒကာမတို့ သူတစ်ပါးအလုပ်လည်း လုပ်လျက်ပဲ၊ လောကီ စီးပွားဥစ္စာ ရတနာလည်း ရှာလျက်ပဲ. . . (မှန်ပါဘုရား)၊ သီလ၊ သမာဓိ၊ ပညာကိုလည်း အထိမခံဘူး၊ ရောင်းလျက်၊ ဝယ်လျက်၊ သွားလျက်၊ လာလျက်၊ စားလျက်၊ သောက်လျက်၊ သားနဲ့ သမီးနဲ့ ခင်ပွန်းနဲ့နေလျက်ပါ ပဲတဲ့. . . (မှန်ပါဘုရား)။

သို့သော် သီလ၊ သမာဓိ၊ ပညာ ဒါတွေတော့ဖြင့် အဖျက်မခံဘူးတဲ့၊ ဒါတွေ မထိမည့် အလုပ်ကိုတော့ဖြင့် သားနဲ့ သမီးနဲ့

ဆွေနဲ့၊ မျိုးနဲ့ ရောင်းလျက် ဝယ်လျက်တော့ လုပ်မှာပါပဲ. . . (မှန်ပါဘုရား)၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

သို့သော် ငဲ့လုံးကမများဘူးလား. . . (များပါတယ်ဘုရား)၊ အေး. . . ဒါကြောင့် နွားမကြီးသည် ခုနက ပြောခဲ့တယ်၊ အစာကိုလည်းစားလျက်ပါပဲ၊ သဘောကျရဲ့လား . . . (မှန်ပါဘုရား)၊ နွားကလေးကော. . . (ကြည့်လျက်ပါဘုရား)၊ အင်း. . . သူ့အလုပ်ကနှစ်ဖက်ပါလား. . . (နှစ်ဖက်ပါဘုရား)။

## ရောင်းဝယ်နေလျက်ပါပဲ

ဒီမှာလဲ သောတာပန်တည်ပြီးသား ပုဂ္ဂိုလ်များမှာ ရောင်းလျက်၊ ဝယ်လျက်၊ သားလင် ခင်ပွန်းနဲ့ နေလျက်ဟုတ်ပြီလား။ သို့သော်လည်းတဲ့ ကိစ္စမရှိဘူးတဲ့ သူ့မှာ သူ့သီလ၊ သိက္ခာ၊ သမာဓိ၊ ပညာတို့ကိုဖြင့် အမြဲငဲ့ပြီး ဒါတော့ဖြင့် အသက်အသေခံမယ်၊ အထိမခံဘူးဆိုတာပါသတဲ့၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)၊ တော်တော်အရေးကြီးတယ်ဆိုတာ ပေါ်လာပြီလား ဒကာ ဒကာမတို့ . . . (ပေါ်လာပါပြီဘုရား)။

အင်မတန်မှ အရေးကြီးတယ်၊ သောတာပန်ပုဂ္ဂိုလ်တွေဟာ ဒါမဆင်ခြင်ဘဲကို မနေဘူးတဲ့၊ ဆင်ခြင်တဲ့အလုပ်ချည့်ပဲ၊ ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)၊ နေရာကျပြီနော်။

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ နောက်နံပါတ် တက်ကြဦးစို့၊ ဘာနံပါတ်လည်း ဒကာသိုက်ရေ . . . (ခြောက် နံပါတ်ပါဘုရား)၊ ခြောက်နံပါတ်တက်ရမယ်။ ခြောက်နံပါတ် တက်ရမယ်၊ ဒကာ ဒကာမတို့ ခြောက်နံပါတ်တက်ရတော့မယ်။

## သောတာပန်တည်ပြီးသား ပုဂ္ဂိုလ်(၆)

အဲ့ဒီ ခြောက်နံပါတ်က ဘာပါလိမ့်မလဲလို့ မေးခွင့်ကြုံ လာတယ်. . . (မှန်လှပါဘုရား)၊ ခြောက်နံပါတ်က ဘာပါလိမ့် မလဲလို့ ဆိုတော့ သောတာပန်တည်တဲ့ ပုဂ္ဂိုလ်များမှာ "အား" အင်မတန်မှ ပြည့်စုံပါတယ်. . . (မှန်လှပါဘုရား)၊ ဉာဏ်အား ပေါ့ဗျာ. . . (မှန်လှပါဘုရား)၊ ဉာဏ်အား အင်မတန်မှ ပြည့်စုံ ဘယ်တဲ့။

## ဉာဏ်အားပြည့်စုံတယ်

သောတာပန် တည်ပြီးသား၊ ငါသည်ကားလို့ဆိုလို့ရှိရင် တဲ့ သူတစ်ပါးလည်း ဉာဏ်အားနဲ့ ပြည့်စုံတာပဲ၊ ငါလည်း သောတာပန်တည်လို့ ဉာဏ်အားနဲ့ ပြည့်စုံတာပဲလို့ သူဟာသူ သိတယ်. . . (မှန်ပါဘုရား)၊ သောတာပန်ဆိုရင် အတူတူပဲလို့ သူသိတယ်. . . (မှန်ပါဘုရား)။

သိတဲ့အခါကျလို့ရှိရင်ဖြင့် သူ့စိတ်ထဲမှာ သောတာပန် တည်ပြီးသား ပုဂ္ဂိုလ်များမှာ ဘယ်အားနဲ့ သူသည် အလုပ်လုပ်

လေ့ရှိသတုံးဆိုတော့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတော်မူတဲ့ တရားပေါ့ဗျာ. . . (မှန်ပါဘုရား)။

## သောတာပန်တို့၏ တရားနာမှု

အဲ့ဒီတရားတွေများ နာပြီးသကာလ နေရတော့မယ်ဆို လို့ရှိရင် ရိုရိုသေသေ မှတ်မှတ်သားသား၊ လေးလေးစားစား ဘယ်မှ စိတ်မသွားရအောင် ဒကာ ဒကာမတို့ အလွန်ဂရုစိုက် လေ့ရှိတယ်. . . (မှန်ပါဘုရား)။

သောတာပတ္တိမဂ်ဉာဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်များကနော် သောတာပန်တည်တဲ့ ပုဂ္ဂိုလ်များ၊ ဒကာ ဒကာမတို့ အသေ အချာ မှတ်စမ်းပါ. . . (မှန်ပါဘုရား)။

သောတာပန်တည်တဲ့ ပုဂ္ဂိုလ်များ၏ တရားနာမှုနဲ့ တခြား သော ပုထုဇဉ်တို့၏ တရားနာမှုထက် အများကြီးခြားနားတယ် . . . (ခြားနားပါဘုရား)။

## သဒ္ဓါလည်းပို၊ လေးစားတာလည်းပို

သောတာပန်တည်တဲ့ ပုဂ္ဂိုလ်က သောတာပတ္တိမဂ်ဉာဏ် အမြင်နဲ့ သစ္စာလေးပါးကို သိပြီးသကာလ ထားတဲ့ပုဂ္ဂိုလ်ဖြစ် လေသောကြောင့် ဘုရားဟောတော်မူတဲ့ တရားတွေ နာတယ် ဆိုလို့ရှိရင် ရိုရိုသေသေ သဒ္ဓါလည်းပိုသတဲ့ . . . (မှန်လှပါ

ဘုရား)၊ မှတ်သားတာလည်း ပိုသတဲ့၊ ဟုတ်ပြီလား၊ လေးစားတာလည်း. . . (ပိုပါတယ်ဘုရား)။

တစ်ခါတည်းတဲ့ သူ့စိတ်ထဲမှာ အင်း. . . မတွေ့စဖူး အတွေ့ထူး၊ မကြုံစဖူး ကြုံရ၊ နေရာကျလိုက်တာ၊ နေရာကျလိုက်တာ ဘုရားဟောတော်မူတဲ့ တရားလေးတွေ၊ တရားတော်တွေ များကြားရပြီ ဆိုမှဖြင့် တစ်ခါတည်း ဘယ်ဟာနဲ့မှ မတူဘူး၊ လေးစားတာ ရိုရိုသေသေ ကိုင်းကိုင်းညွတ်ညွတ်၊ လေးလေးစားစားဆိုတဲ့ စိတ်တွေဟာတဲ့ ပုထုဇဉ်တို့လို စိတ်က တခြားပြေးခြင်း၊ ဧည့်သည်လာလို့ထပြီး ခေါ်ချင်ခြင်း၊ မတတ်သာလို့ လက်တို့ပြီး၊ စကားပြောချင်ခြင်း ဒါတွေမလာဘူးတဲ့ . . . (မှန်ပါဘုရား)။

တစ်ခါတည်း လေးလေးစားစားနဲ့ ကြိုးကြိုးစားစား သဘောတွေသာလျှင် တစ်ခါတည်း သူ့စိတ်ထဲမှာ တရားတော်ကို ရိုသေမယ်၊ လေးစားမယ်၊ လုပ်ပို့မယ်ဆိုတဲ့ သဘောတွေဟာဖြင့် ဒါဟာ သောတာပန်ပုဂ္ဂိုလ်၊ သောတာပန်တည်ပြီးသားပုဂ္ဂိုလ်မှာတဲ့ ဒီအရေးဟာ ဒီသစ္စာလေးပါးမြင်ပြီးတဲ့အတွက် လေးစားမှု ရိုသေမှုမှတ်သားမှုတွေဟာ၊ စိတ်တခြားသို့မသွားမှုတွေဟာ တရားနာတိုင်းနာတိုင်း သူများနဲ့ မတူဘူးတဲ့. . . (မှန်ပါဘုရား)။

ဒါ သောတာပန်ပုဂ္ဂိုလ်တို့၏ တရားနာမှုဆိုတာ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

## ပုထုဇဉ်တို့၏ တရားနာမှု

အဲ့ဒါ ပုထုဇဉ်ကျတော့ ဒီလိုမဟုတ်ပါဘူးတဲ့ တရားနာရင်းပေမယ့် စိတ်က ဟိုရောက်သွား၊ ဒီရောက်သွား၊ မမြင်ဘူးလား၊ ဟို ကိုရင်လေး တစ်ပါးမှာ ကြည့်ပါလား. . . (မှန်ပါဘုရား)။

သူ့ဆရာနဲ့ နေရင်း မတ္တာနဲ့ပဲ၊ စိတ်ကူးလိုက်တာ နွားဝယ်၊ ဆိတ်ဝယ်၊ ဟုတ်လား ဈေးလေးရောင်း၊ လူထွက်ပြီးသကာလ သားမယားနဲ့ အိမ်ထောင်ကျ၊ လှည်းတွေမောင်း မောင်းပြီး သကာလ၊ သူ့မိန်းမက၊ မိန်းမနှင့် သားသမီးတွေရဲ စိတ်ကူး လိုက်တာတွေကိုးဗျ. . . (မှန်ပါဘုရား)။

အဲ့ဒီမှာ ကလေးလေး လှည်းပေါ်က လိမ့်ကျလို့ သူ့မိန်းမရိုက်တော့၊ ဟိုး. . . ရှေးထိုင်တဲ့ ကိုယ်တော်ကြီးတောင် ရိုက်မိသေး၊ စိတ်ကူးရှည်နေတယ်၊ တရားတော့ ဂရုမစိုက်တဲ့ သဘော မသေချာဘူးလား. . . . (သေချာပါတယ်ဘုရား)။

အေး. . . ဒါကြောင့် သောတာပန်များ ကျလာတော့ ဒီလိုမရှိတော့ဘူး. . . (မှန်ပါဘုရား)၊ တစ်ခါတည်း မြတ်စွာဘုရားတရားတော်ဆိုရင် ရှိရှိသေသေ လေးလေးစားစား ကိုင်းကိုင်းညွတ်ညွတ် ဟုတ်ပြီလား. . . . (မှန်ပါဘုရား)။

## သောတာပန်က လေးစားမှုပို

ဤကဲ့သို့သော လေးစားမှုကြီးတွေ၊ ကိုင်းညွတ်မှုကြီးတွေ၊ မှတ်သားမှုကြီးတွေ၊ ဘယ်မှ စိတ်မသွားရအောင် ထိမ်းထားမှုကြီးတွေ ၊ ဒကာသိုက်တို့၊ ဒကာစိန်တို့ ပိုလာတယ်. . . (ပိုလာပါတယ်ဘုရား)၊ ဒါ သောတာပန်တည်တဲ့ ပုဂ္ဂိုလ်၏ ဤအချိုး၊ ဤအင်္ဂါတွေဟာ ပြည့်စုံပါတယ်တဲ့၊ ဒကာ ဒကာမတို့. . . (မှန်ပါဘုရား)။ မထူးခြားဘူးလားဗျာ . . . (ထူးခြားပါတယ်ဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ပရိတ်ကြီး ပါဠိတော်မှာလည်း "ယထိန္ဒခီလော ပထဝိဿိတော သိယာ၊ စတုဗ္ဘိ ဝါတေဟိ အသမ္ပကမ္ပိယော၊ တထူပမံ သပ္ပုရိသံ ဝဒါမိ။ ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။" ကျောက်ထီးတန်တု သူ့ကိုယ့်ကိုယ်ပဲတဲ့ တရားမှတစ်ပါး ဘယ်မှမသွားဘူး၊ ကျောက်ထီးတန်တု ကဲ့သို့ တခါတည်း တရားအပေါ်မှာ လေးစားပြီး စိုက်ထားတာ ဘယ်အာရုံနဲ့ တိုက်တိုက် မရဘူးဆိုပါလား . . . (မှန်ပါဘုရား)။

အသမ္ပကမ္ပိယော တဲ့ တုန်လှုပ်ခြင်းလဲမရှိဘူးတဲ့. . . (မှန်ပါဘုရား)၊ တစ်ခါတည်း တရားနာနေရလို့ရှိရင်ဖြင့် သူ့စိတ်ထဲမှာ လေးလေးစားစား ကိုင်းကိုင်းညွတ်ညွတ် နေတာပဲတဲ့ . . . (မှန်ပါဘုရား)။

## သာမညကြည်ညိုတာမဟုတ်ဘူး

တထူပမံ သပ္ပုရိသံ ဝဒါမိ။ ယောအရိယ သစ္စာနိ - သစ္စာလေးပါး သူသိပြီးသားမို့. . . (မှန်ပါဘုရား)၊ ကြည်ညိုလိုက်တာလည်း အဝေစ္စပသာဒတဲ့ ဒကာ ဒကာမတို့ သာမညကြည်ညိုတာ မဟုတ်ဘူးတဲ့ တစ်ခါတည်း ထိုးထိုးထွင်းထွင်း နှိုက်နှိုက်ချွတ်ချွတ်ကို ဒီတရားတော်၌ ကြည်ညို ပြီးသကာလ အဝေစ္စပသာဒ ဆိုတဲ့ဥစ္စာနော်. . . (မှန်ပါဘုရား)။

ဤကဲ့သို့ ကျောက်ထီးတန်တု မတိမ်းမယိုင်တဲ့ ခန္ဓာကိုယ်နဲ့ ယုံယုံကြည်ကြည်ကြီး လေးလေးစားစားကြီးနဲ့ သောတာပန်ပုဂ္ဂိုလ်၏ တရားနာမှုမှာ ဤကဲ့သို့ ထူးခြားပါတယ်. . . (မှန်ပါဘုရား)၊ ပုထုဇဉ်တို့နဲ့ ဒါလုံးဝမဆက်ဆံပါဘူး. . . (မှန်ပါဘုရား)၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။ အင်မတန်မထူးခြားဘူးလား . . . (ထူးခြားပါတယ်ဘုရား)။

အေး . . . ဒါကြောင့် ဒကာ ဒကာမတို့ အင်မတန်မှ အဖိုးတန်တယ်၊ သောတာပန်တည်ပြီးမှသာလျှင် စိတ်ချရတယ်ဆိုတဲ့ ဥစ္စာကျောက်ထီးကဲ့သို့ မယိမ်းမယိုင်တော့ဘူး . . . (မှန်ပါဘုရား)။

## ယုံကြည်မှုဟာ အင်မတန်များပြား

ဘုရား၊ တရား၊ သံဃာဆိုတဲ့ တရားတော်တွေအပေါ်၌လည်း၊ အဝေစ္စပသာဒ - ဆိုတဲ့အတိုင်း ယုံကြည်မှုဟာ အင်မတန်များပြားတာ. . . (မှန်ပါဘုရား)၊ ဘယ်နည်းနဲ့မှ နောက်ဆုတ်လို့ကိုမရတော့ဘူး. . . (မှန်ပါဘုရား)။

သေချင်ရင် သေပါစေကွာ၊ ဒါနဲ့သေရင်အေးတာပဲ. . . (မှန်ပါဘုရား)၊ မစားရတာ မဝတ်ရတာ ဒါတွေ ဂရုမစိုက်နိုင်တော့ဘူး . . . (မှန်ပါဘုရား)၊ ဆိုတဲ့ သဘောနဲ့ ဒီအချိန်နဲ့ ဒီနာရီဖြင့် ဒီတရားအားထုတ်မယ်၊ ဒီတရားနာမယ်ဆိုပြီး သကာလ လေးလေးစားစားကြီး ကျောက်ထီးကဲ့သို့ ကျောက်ထီးတန်တု တစ်ခါတည်း ခိုင်မြဲမှုကြီးရှိတာ. . . (မှန်ပါဘုရား)၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

အဝေစ္စပသာဒ . . . ကိုဗျ၊ သက်သက်ကို လှိုက်လှိုက်လှဲလှဲကိုကြည်ညိုတာ . . . (မှန်ပါဘုရား)၊ ဒီတရားတော်ကို အဲ့ဒါသည် သောတာပန်ပုဂ္ဂိုလ်တို့၏ အလုပ်ပါ၊ ဆင်ခြင်မှုအလုပ်ပါ. . . (မှန်ပါဘုရား)၊ ပုထုဇဉ်တို့နဲ့ မဆက်ဆံပါဘူး . . . (မဆက်ဆံပါဘုရား)။

## သောတာပန်တို့၏ အင်္ဂါ(၄)ပါး

ဒကာသိုက်ရေ ဘယ်နှစ်ချက်ရှိသွားပြီတုံး . . . (ခြောက်ချက်ရှိသွားပါပြီဘုရား)၊ ခြောက်ချက်ရှိသွားပြီ ဒကာ ဒကာမတို့။

ခုနှစ်ချက် ဒကာ ဒကာမတို့ ဟောမယ်နော်. . . (မှန်ပါဘုရား)၊ ခုနှစ်ချက်၊ ခုနှစ်ချက်ကတော့ ဘာပါလိမ့်မလဲလို့ ဒကာဒကာမတွေ မေးခဲ့လို့ရှိရင် မြတ်စွာဘုရား တရားတော်နာနေကြတဲ့အခါကျလို့ရှိရင် ပါဠိလေးကြားရပြန်လို့ရှိရင် ပါဠိသဘောလေး သိပြန်လို့ ရှိရင်လည်း အို. . . စိတ်ထဲမှာ ကြည်ညိုလိုက်တာ၊ လေးစားလိုက်တာ၊ ဝမ်းမြောက်လိုက်တာ. . . (မှန်ပါဘုရား)။

အနက်လေးသိပြန်တော့လည်း အနက်ကလေးသိရတဲ့အတွက် ကြည်ညိုလိုက်တာ၊ လေးစားလိုက်တာ၊ ဝမ်းမြောက်လိုက်တာ၊ အဓိပ္ပါယ်ကလေးသိရပြန်တော့လည်း ထို့အတူပဲတဲ့၊ ကြည်ညိုလိုက်တာ၊ လေးစားလိုက်၊ ဝမ်းမြောက်လိုက်တာ . . . (မှန်ပါ့ဘုရား)။

ဒီဝမ်းမြောက်မှုတွေဟာ တစ်ခါတည်း ဘယ်အချိန်မဆို ပြောချင်၊ ဆိုချင်၊ သူတစ်ပါးပြောချင်၊ ကိုယ်ကိုယ်တိုင်လည်း ဝမ်းမြောက်၊ သူတစ်ပါးသိစေချင်၊ ကိုယ်ကိုယ်တိုင်လည်းဝမ်းမြောက်၊ အို. . . ဒါတွေက လှိုင်ကြိုင်ပြီးသကာလ ခန္ဓာထဲမှာ မြိုင်နေအောင်ပေါ်တာပဲ. . . (မှန်ပါဘုရား)။

ဒကာစိန်ရေ. . . (မှန်ပါဘုရား)၊ သောတာပန်တည်ပြီးသားပုဂ္ဂိုလ်များ ပါဠိသိရ၊ အနက်သိရ၊ အဓိပ္ပာယ်သိရပြီဆိုမှဖြင့် ဝမ်းမြောက်လို့ မဆုံးဘူး . . . (မှန်ပါဘုရား)။

## ဝမ်းမြောက်လို့မဆုံးဘူး

ကိုယ်ကိုယ်တိုင်လည်း ဝမ်းမြောက်လို့မဆုံးဘူး၊ သူတစ်ပါးကိုလည်း သိစေချင်တဲ့ ဆန္ဒတွေ ပြင်းပြပြီး လာလိုက်တာလည်းမဆုံးဘူး. . . (မဆုံးပါဘုရား)၊ ဘယ်သူဖြင့် နာစေချင်လိုက်တာ၊ ဘယ်သူ ဒီတရားလေး ပြောချင်လိုက်တာ၊ ဒါလေးလက်ဆောင်ပေးချင်လိုက်တာ. . . (မှန်ပါဘုရား)၊ အစရှိသည်နဲ့ ကိုယ်ကိုယ်တိုင်လည်း ဝမ်းမြောက်လို့မဆုံး၊ ချစ်ခင်လေးမြတ်တဲ့ ပုဂ္ဂိုလ်တွေကို ငဲ့ပြီးသကာလ သိစေချင်၊ မှတ်စေချင်၊ ကျင့်စေချင်၊ ကြံစေချင်၊ အို. . . ဒါတွေကလည်း လှိုင်နေတာပဲတဲ့. . . (မှန်ပါဘုရား)။

ဒါတွေကို တစ်ခါတည်း မြိုင်မြိုင်ကြီး ဖြစ်နေတာပဲတဲ့. . . (မှန်ပါဘုရား)၊ ဘယ်နည်းနဲ့မှ သူ့စိတ်ထဲမှာ ဝမ်းမြောက်မှုကိုပဲ နောက်ဆုတ်လို့မရအောင် ဒီလိုပြင်းပြပြီး သကာလ လာတယ် . . . (မှန်ပါဘုရား)၊ ရိပ်မိကြပြီလား. . . (ရိပ်မိပါပြီဘုရား)။

## ဘာ့ကြောင့် ဝမ်းမြောက်သလဲ

ဒါဖြင့် သောတာပန်ပုဂ္ဂိုလ်သည်ကားလို့ဆိုလို့ရှိရင်ဖြင့်တဲ့ ဘာကြောင့် ဝမ်းမြောက်သလဲလို့ သူ့စိတ်ထဲမှာ မေးလိုက်တဲ့အခါကျလို့ရှိရင်ဖြင့်တဲ့ ဘဝသံသရာတစ်ခါမှ မကြုံစဖူး အကြုံထူးပြီး သကာလ သိမှုကြီးကို မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ရတဲ့အတွက် . . . . (မှန်ပါဘုရား)။

အဲ့ဒီတော့ သောတာပန်ပုဂ္ဂိုလ်သည်ကားလို့ဆိုလို့ရှိရင်ဖြင့် (၇)ခုမြောက်ဖြစ်တဲ့ ဝမ်းမြောက်မှု အကြီးအကျယ်ဟာလည်း တရားနာလို့ သိတဲ့အချိန်မှာ အနက်သိ၊ ပါဠိသိ၊ အဓိပ္ပာယ်သိပြီးသကာလ အလွန်မှလည်း ဝမ်းမြောက်မှုရှိတယ် . . . (မှန်ပါဘုရား)။

ကိလေသာငြိမ်းနေတယ်. . . (မှန်ပါဘုရား)၊ ငြိမ်းနေခြင်းကြောင့်လည်း ဝမ်းမြောက်နိုင်တာကိုးဗျ. . . (မှန်ပါဘုရား)၊ အဲ့ဒါတွေ အင်မတန်မှ ပြည့်စုံပါတယ်တဲ့. . . (မှန်ပါဘုရား)။

ဒါကြောင့် ဒကာ ဒကာမတို့ ဒီ(၇)ချက်နဲ့ ပြည့်စုံမှုသည်လည်း ပုထုဇဉ်တို့နဲ့ မဆက်ဆံဘူးတဲ့ . . . (မှန်ပါဘုရား)၊ သောတာပန်ပုဂ္ဂိုလ်မှသာလျှင် ဒီဝမ်းမြောက်မှုရှိနိုင်တယ်. . . (မှန်ပါဘုရား)၊ ပုထုဇဉ်ဖြစ်ခဲ့လို့ရှိရင်ဖြင့် တရားတော့နာခဲ့ တာပဲ၊ ပါဠိလေးလဲ သိလိုက်ပါတယ်။ ဒီပါဠိတွေတို့ရပြီးသားပါကွာ၊ ဝမ်းမမြောက်နိုင်ဘူး . . . (မှန်ပါဘုရား)။

ဒီအနက်လည်း တို့ကကြားဖူးပါတယ်ကွာ။ ဒီအဓိပ္ပာယ်တော့ ထပ်နေပြီဟေ့၊ အံမယ် . . . ဝမ်းမမြောက် နိုင်ဘူး. . . (မှန်ပါဘုရား)၊ ဝမ်းမမြောက်နိုင်ဘူး။ သောတာပန် မဟုတ်တဲ့ပုဂ္ဂိုလ်ကတော့ အခုပြောတာတွေ တစ်ခါတည်း ဆင်ခြင်တွေတိုးလာတာပဲ. . . (မှန်ပါဘုရား)။

## ကောင်းတာဆို စားပြီးရင်း စားချင်ရင်း

ဝမ်းမြောက်နိုင်ရဲ့လား . . . . (မမြောက်နိုင်ပါဘုရား)၊ ဟိုကတော့ ဘယ်လိုပဲ ထပ်ပြန်တလဲလဲ ကြားရ၊ ကြားရ၊ ဘုရားဟောပါဠိတော်တွေ၊ ဘုရားဟောတဲ့ အနက်တွေ၊ ဘုရားဟော တဲ့ အဓိပ္ပါယ်တွေ ကြားရမယ်ဆိုလို့ရှိရင်ဖြင့် သူ့မှာတော့ တစ်ခါတည်း ကောင်းတာစားပြီးရင်း ကောင်းတာစားချင်ရင်း ဆိုသလိုပဲ တစ်ခါတည်းတဲ့ ဆာလောင်မွတ်သိပ်နေတဲ့ ပုဂ္ဂိုလ်ဟာ ကောင်းတာစားရတဲ့အခါ အထူးတလည် ဝမ်းမြောက်မှု ကြီးပြီး သကာလ လာသလို၊ ဒီတရားတွေကို နာနိုင်မှုရှိတာသည် ခုနက ပြောခဲ့တဲ့ အချက်မျိုးလို တို့သိပြီး သားဆိုတဲ့ အဓိပ္ပာယ်မျိုး မလာဘူး၊ လာသေးရဲ့လား. . . (မလာပါဘူး ဘုရား)။

အဲ့ဒီကဲ့သို့ ထူးထူးခြားခြားကြီး ဆင်ခြင်မှုတွေ မများလား . . . (များပါတယ်ဘုရား)၊ အဲ့ဒါ ပုထုဇဉ်နဲ့ မကွာလား. . . (ကွာပါတယ်ဘုရား)။

## ပုထုဇဉ်နဲ့ ခြားနားမှု

အဲ့ဒါ သောတာပန်တည်တဲ့ ပုဂ္ဂိုလ်များမှာ ပုထုဇဉ်နဲ့ ခြားနားမှုသည်ကားလို့ ဆိုလို့ရှိရင်ဖြင့်တဲ့ တရားနာတာလည်း ခြားနားတာပဲ၊ တရားနာပြီး ဝမ်းမြောက်နေတာလည်း. . . (ခြား

နား‌ပါတယ်ဘုရား)၊ ခြားနားပါတယ်ဆိုတဲ့ဥစ္စာ ဒကာ ဒကာမ တို့ ဒါ(၇)ချက်မြောက်မှာဖြင့် ခြားနားမှုအထူးအခြားပါပဲဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

ဘာပြုလို့ ဒီလောက်တောင် ခြားနားရပါသတုံးလို့ဆို တော့မှ ဒကာ ဒကာမတွေ ခါတိုင်းသိပြီးသား -

သဟာဝဿ ဒဿန သမ္ပဒါယ၊တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆိတဉ္စ၊ သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။ စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊ ဆစ္စာဘိဌာနာနိ အဘဗ္ဗ ကာတုံ . . လို့ မလာဘူးလား . . . (လာပါတယ်ဘုရား)။

အေး. . . ဒါ . . . ပရိတ်ကြီး သုတ္တနိပါတ် ပါဠိတော်က လာတာ. . . (မှန်ပါဘုရား)၊ ဝမ်းမြောက်မှာပဲတဲ့၊ သူ့မှာတော့ ဘယ်နှယ့်ကြောင့် ဝမ်းမြောက်ရသတုံးဆိုတော့ ကိလေသဝဋ္ဋ က လည်းကျွတ်သွားတယ်. . . (မှန်ပါဘုရား)။

ဒိဋ္ဌိ၏ ဝိစိ ကိစ္ဆ နွားတို့၏ အကျင့်၊ ခွေးတို့၏အကျင့် ဆိုတဲ့ သီလဗ္ဗတ- ပရာမာသ ဆိုတဲ့ သက္ကာယဒိဋ္ဌိရယ်ဗျာ. . . (မှန်ပါဘုရား)၊ ဝိစိကိစ္ဆာရယ်ဗျာ . . . (မှန်ပါဘုရား)၊ သီလဗ္ဗတ ပရာမာသ ဆိုတဲ့ နွားတို့၏အကျင့် ခွေးတို့၏အကျင့် ဆိုတဲ့ ဒိဋ္ဌိရယ် . . . (မှန်ပါဘုရား)။

## ကိလေသဝဋ်ကကျွတ်သွားလို့

အဲဒီ ကိလေသာ (၃)ခုက၊ ကိလေသဝဋ်က ကျွတ်သွားခြင်းကြောင့် သာလို့ပင် ဝမ်းမြောက်တာကိုး. . . (မှန်ပါဘုရား)၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

ပြီးတော့ကို ဒကာ ဒကာမတို့ စတုပာပါယေဟိစ ဝိပ္ပမုတ္တောလို့ ဆိုသဖြင့် အပါယ်လေးပါးတည်းဟူသော ဟုတ်ပြီလား ဝိပါကဝဋ်ကကော လွတ်မသွားဘူးလား. . . (လွတ်သွားပါတယ်ဘုရား)၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

ခုနက ကိလေသဝဋ်လွတ်တာလည်း သောတာပန်ဖြစ်သောကြောင့်ကိုဗျ. . . (မှန်ပါဘုရား)၊ ကိလေသာဆိုတာ ခုနက ဒိဋ္ဌိဝိစိကိစ္ဆာ သီလဗ္ဗတ- ပရာမာသ (၃)ခုက ကိလေသာ ခေါ်တယ်. . . (မှန်ပါဘုရား)။

## ဝိပါကဝဋ်က ကျွတ်သွားလို့

အဲဒီ ကိလေသာဝဋ်ကလည်းကျွတ်၊ သဘောကျပြီလား . . : (ကျပါပြီဘုရား)၊ အပါယ်လေးပါးတည်းဟူသော ဝိပါကဝဋ်ကြီးကကော . . . (ကျွတ်ပါတယ်ဘုရား)။

အေး . . . ကမ္မဝဋ်ဆိုတာက ဒကာ ဒကာမတို့ သောတာပန်တည်ပြီးသား ပုဂ္ဂိုလ်များမှာ ပဉ္စာနန္တရိယကံလည်း မဖြစ်ဘူး . . . (မှန်ပါဘုရား)၊ ပစ္စန္တရစ် ဇနပုဒ်-မိစ္ဆာဒိဋ္ဌိအမျိုးတွေကော

. . . (မဖြစ်ပါဘုရား)၊ အေး. . သောတာပန်မတည်နိုင်တဲ့ နေရာဌာနတွေကော . . . (မဖြစ်တော့ပါဘုရား)၊ မဖြစ်တော့ဘူးတဲ့။

အဲဒီကဲ့သို့ ဒီ ပဥ္စာနန္တရိယ ကံလည်း မကျင့်. . . (မှန်ပါဘုရား)၊ ပဥ္စာနန္တရိယကံဆိုတာကလည်း ကျွတ်သွားပြီ၊ နို့မဟုတ်ရင် ပုထုဇဉ်ဖြစ်တော့ ဒီဘဝမှာ သူတော်ကောင်း၊ နောက်ဘဝမှာ အမေသတ်ပြီး အမွေလုချင် လုမှာ . . . (မှန်ပါဘုရား)။

အဲ့ဒီတော့ သောတာပန်တည်တဲ့ ပုဂ္ဂိုလ်ကျတော့ ဒီလိုဟာတွေက ရှိသေးရဲ့လား. . . (မရှိတော့ပါဘုရား)၊ အဲ့ . . . ပဥ္စာနန္တရိယကံ တည်းဟူသော ကမ္မဝဋ်၊ (၆)ဌာနအကျိုးပေးမယ့်ကံတွေကော . . . (မရှိတော့ပါဘုရား)၊ အဲဒီ ကမ္မဝဋ်မှလည်း ကျွတ်၏. . . (မှန်ပါဘုရား)။

## သောတာပန်တည်အောင်လုပ်ထိုက်တယ်

ဒါကြောင့် ဒကာ ဒကာမတို့ သောတာပန်တည်အောင် ဟာလုပ်ထိုက်တယ်၊ လုပ်ကောင်းတယ်ဆိုတာ သဘောကျပြီလား. . . (သဘောကျပါပြီဘုရား)။

ကိလေသာ (၃)ခုမှလည်းကျွတ် . . . (မှန်ပါဘုရား)၊ ကမ္မဝဋ်ဆိုတဲ့ ခုနက ပဥ္စာနန္တရိယကံအစ၊ မဖြစ်ကောင်းတဲ့ နေရာ (၆)ဌာနပို့တဲ့ ကံတွေကော . . . (လွတ်သွားပါတယ်

ဘုရား)၊ လွတ်သွားတော့ ကမ္မဝဋ်မှလည်း မကျွတ်ဘူးလား . . . (ကျွတ်ပါတယ်ဘုရား)၊ အပါယ်လေးပါးရောက်ရမယ့် ဝိပါက အကျိုးပေးဆိုတဲ့ ဝဋ်ကြီးကတော့. . . (လွတ်ပါတယ် ဘုရား)။

အဲဒီကဲ့သို့ ကျွတ်သောကြောင့် သူ့မှာ ခုနကပြောခဲ့တဲ့ အင်္ဂါ (၇)ချက်နဲ့ သောတာပန်မှာ မပြည့်စုံမရှိဘူး. . . (မှန်ပါ ဘုရား)၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် သောတာပန် ပုဂ္ဂိုလ်သည်ကားလို့ ဆိုရင်ဖြင့် သောတာပတ္တိမဂ်ဆိုတဲ့ တရားနဲ့ နိဗ္ဗာန်ကိုမြင်၊ ဒုက္ခပိုင်းခြား နိဗ္ဗာန်မြင်လို့ရှိသည်နဲ့ တစ်ပြိုင်နက်တည်း ကိလေသာဝဋ်ကော . . . (ကျွတ်ပါတယ်ဘုရား)၊ (၃)ခုနော် . . . (မှန်ပါဘုရား)၊ ကမ္မဝဋ်ကော. . . (ကျွတ်ပါတယ်ဘုရား)၊ ဝိပါကဝဋ်ကော . . . (ကျွတ်ပါတယ်ဘုရား)၊ ကျွတ်တယ်တဲ့ ကျွတ်တယ်။

## လူ့ပင်ဖြစ်ငြားသော်လည်း သံဃာပဲတဲ့

အဲဒီကဲ့သို့ ကျွတ်သောကြောင့် သူဟာ ခင်ဗျားတို့တည် ပြီးသား ပုဂ္ဂိုလ်မှာ ဣဒမ္ပိသံဃေ တို့ ဘုရားကဟောလိုက်တဲ့ အတွက် လူ့ပင်ဖြစ်ငြားသော်လည်း သံဃာပဲကွတဲ့. . . (မှန်ပါ ဘုရား)၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

သံဃာပဲ၊ ဘိက္ခုပဲတဲ့၊ သဘောကျပြီလား. . . (ကျပါပြီ

ဘုရား)၊ ရဟန်းပဲတဲ့. . . (မှန်ပါဘုရား)။ ရိပ်မိကြပြီလား. . . (ရိပ်မိပါပြီဘုရား)။

## ရဟန်းမခံဘဲနဲ့ ရဟန်းဖြစ်တယ်

အင်း . . . ဒါကြောင့် တို့သည် ကားလို့ဆိုလို့ရှိရင်ဖြင့် ဒီအလုပ်ကို ရဟန်းမခံဘဲနဲ့ ရဟန်းဖြစ်ဆိုတာလည်း ဒါတွေပါလား. . . (မှန်လှပါဘုရား)၊ ဘုရားကလည်း ဣဒမ္ပိသံဃေ လို့ဟောထားတယ်. . . (မှန်ပါဘုရား)၊ အင်း. . . သံဃာထဲ ဝင်ရပါလားဟုတ်ပြီလား. . . (မှန်ပါဘုရား)။

## အမြတ်ဆုံးရတနာဖြစ်သွားတယ်

သံဃာထဲဝင်တော့မှ ခင်ဗျားတို့သည် ရတနာဖြစ်လာတယ်ဆိုတော့ ဘုရားကလည်း ဣဒမ္ပိသံဃေရတနံ ပဏီတံ တစ်ခါတည်း သောတာပန်ရတနာဖြစ်ပြီးသကာလ သံဃာရတနာဖြစ်သွားတော့ အမြတ်ဆုံးရတနာ ဖြစ်သွားတယ်လို့ မဟောဘူးလား. . . (ဟောပါတယ်ဘုရား)။

အဲဒီကဲ့သို့ ဟောထားတာ ကျုပ်တို့ ခင်ဗျားတို့သည် ကားလို့ဆိုလို့ရှိရင်ဖြင့် ဒီ(၇)ချက်နဲ့ ညီမှုကိုဖြင့် ညီအောင် ခုနက ဝိပဿနာ လမ်းစဉ်အတိုင်းတက်. . . (မှန်ပါဘုရား)၊ ဟုတ်ပြီလား. . . (မှန်ပါဘုရား)။

ဖြစ်ပျက်ကို ရှုဗျာ. . . (မှန်ပါဘုရား)၊ ဖြစ်ပျက်ကိုမှုန်းဗျာ . . . (မှန်ပါဘုရား)၊ ဖြစ်ပျက်မှ ကျွတ်ချင် လွတ်ချင်ဗျာ. . . (မှန်ပါဘုရား)၊ ပြီးတော့မှ ဖြစ်ပျက်တွေဟာ ဒုက္ခတွေပါလားလို့ ပိုင်းခြားဗျာ . . . (မှန်ပါဘုရား)၊ ပိုင်းခြားပြီးရင်ဖြင့် ပိုင်းခြားရင်း မဂ္ဂနဲ့ နိရောဓမျက်မှောက်ပြုလို့ ခုနက ဒိဋ္ဌိဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသ တွေက မသေလား . . . (သေပါတယ်ဘုရား)။

အေး . . . သေသွားတဲ့ အခါကျတော့ အပါယ်လေးပါး တည်းဟူသော ဝိပါကဝဋ်တွေလည်း ကျွတ်လို့ ဟုတ်ပြီလား၊ ကမ္မဝဋ်တွေကော. . . (ကျွတ်ပါတယ်ဘုရား)၊ အဲဒီကဲ့သို့ ကျွတ်သွားကတည်းကိုက ကျုပ်တို့သည်ကားလို့ဆိုရင်ဖြင့် နိရောဓကို မျက်မှောက်ပြုနေပြီဆိုတော့ ကိလေသာ နိရောဓ ဟာလည်း အဲဒီမှာ သေရှာတယ်. . . (မှန်ပါဘုရား)။

ကိလေသာနိရောဓတင် မကပါနဲ့ ကမ္မနိရောဓလည်း ပါလိုက်သေးတယ်. . . (မှန်ပါဘုရား)။ ဝိပါကနိရောဓကော . . . (ပါပါတယ်ဘုရား)။

အဲဒီကဲ့သို့ ပါသည်ဖြစ်လေသောကြောင့်တဲ့ ကျုပ်တို့ ဒီသောတာပန်ဟာဖြင့် မတည်တည်အောင်ကို လုပ်မှသာလျှင် ကျုပ်တို့သည် စိတ်ချလက်ချ နေခွင့်ရမယ်တဲ့၊ နို့မဟုတ်ရင်ဖြင့် ခင်ဗျားတို့ ကျောက်ထီးတန်တု အလေးပြုလောက်တယ်လို့ ခုနက ပါဠိတော်က သောတာပန်တည်မှ ယထိန္ဒခီလော လာတာကိုး. . . . (မှန်ပါဘုရား)။

## နို့မဟုတ်ရင် ဝါဂွမ်းဖြစ်မယ်

ခင်ဗျားတို့ နို့မဟုတ်ရင် ဝါဂွမ်းဖြစ်မယ်. . . (မှန်ပါဘုရား)၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)၊ ကျောက်တိုင်ဖြစ်တာက သောတာပန်တည်မှ. . . (မှန်ပါဘုရား)၊ ကျောက်တိုင်မဖြစ်သရွေ့ကာလပတ်လုံး ဝါဂွမ်း. . . (မှန်ပါဘုရား)။

ဝါဂွမ်းဆိုတော့ တောင်လေလာမြောက်၊ မြောက်လေလာရင်. . . (တောင်ပါဘုရား)၊ အရှေ့လေလာရင်. . . (အနောက်ပါဘုရား)၊ အနောက်လေလာတော့. . . (အရှေ့ပါဘုရား)၊ အောက်လေလာပြန်တော့. . . (အထက်ပါဘုရား)၊ အထက်လေ လာပြန်တော့. . . (အောက်ပါဘုရား)။

ဘယ်မှာ ကိုယ့်သဘော ကိုယ့်နေရာ ရွေးနိုင်သေးရဲ့လား . . . (မရွေးနိုင်ပါဘူးဘုရား)၊ အင်း. . . လောကဓံလေတိုက်သလောက် သွားရမှာပဲ. . . (မှန်ပါဘုရား)။

ကိုယ့်နေရာအမြဲတမ်းရယ်လို့ ရှိသလား. . . (မရှိပါဘူးဘုရား)၊ ကျင်ကြီးပုံလည်း ကိုယ့်နေရာပဲ နွားချေးပုံကော . . . (ကိုယ် နေရာပါဘုရား)၊ ဩော် . . . နွားချေးပိုးထိုးဖြစ်တော့ ဒကာ ဒကာမတို့ နွားချေးပိုးထိုးဟာ ကိုယ့်နေရာဖြစ်တာပေါ့ . . . (မှန်ပါဘုရား)။

## ဥပတိမိဖုရားကြီး

ဥပတိ-မိဖုရားကြီးဟာ ကြည့်ပါလား၊ မိဖုရားကြီးကနေပြီး နွားချေးပုံသူ့နေရာဖြစ်နေတယ်. . . (မှန်ပါဘုရား)၊ ဦးတိဿကြီးသည်ကား လို့ဆိုရင် ရဟန်းအဖြစ်ကနေပြီး၊ ဟိုသကိန်းပေါ် သွားပြီး၊ သူ့နေရာသန်းသွားဖြစ်နေတယ်. . . (မှန်ပါဘုရား)၊ မထူးခြားဘူးလား . . . (ထူးခြားပါတယ်ဘုရား)။

အဲဒီတော့ သောတာပန် မတည်သေးသ၍ ကာလပတ်လုံး ဝဠ်ဂွမ်းဆိုင်လိုပဲ ခင်ဗျားတို့ ခန္ဓာကြီးဟာ လောကဓံလေတိုက် လို့ကံတွေ လွင့်သလို ကိုထွန်းအောင်. . . (မှန်ပါဘုရား)၊ မရောက်နိုင်တဲ့ နေရာမရှိသေးပါဘူး. . . (မရှိသေးပါဘုရား)၊ မကောင်းတဲ့နေရာဟူသ၍ ရောက်နိုင်တာချည့်ပဲ . . . (ရောက်နိုင်ပါတယ်ဘုရား)။

ဒါကြောင့် သောတာပန်မတည်သေးရင်ဖြင့် အမေသတ်နိုင်သေးတယ် ခင်ဗျားတို့. . . (မှန်ပါဘုရား)၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

အဲဒီလောက်တောင် ခင်ဗျားတို့. ကျုပ်တို့.သည် ဆိုဝါးစရာတွေကို သောတာပန်တည်ပြီးသားပုဂ္ဂိုလ် ဒီ(၇)ချက်နဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဆိုရင်ဖြင့် အမေသတ်တဲ့ ပဥ္စာနန္တရိယကံတွေကော မဖြစ်ထိုက်တဲ့ (၆) ဌာနတွေကော အကုန်ကျွတ်၍၊ လွတ်၍တဲ့ ကိစ္စပြီး ပါတယ်. . . (မှန်ပါဘုရား)။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ရဟန်းတို့ မင်းတို့ငြင်းခုံပြီး သကာလ နေကြတာသည် ဤကဲ့သို့ သောတာပန်အင်္ဂါနဲ့ မပြည့်စုံသေးသ၍ ကာလပတ်လုံးဖြင့် မင်းတို့သည် ညီညွတ်ရေးအစစ်မဖြစ်နိုင်ဘူး. . . (မှန်ပါဘုရား)။

ဒါကြောင့် အားလုံး ညီညွတ်ရအောင် တစ်ယောက် တစ်ယောက် မျက်စိမျက်နှာကြည့် နိုင်ကြရအောင်၊ တစ်ယောက် တစ်ယောက်သည်ကားလို့ဆိုရင် စကားစမြည်လဲ မျက်နှာချင်းဆိုင်ပြီးပြောနိုင်တဲ့ အခြေအနေရောက်အောင် (၁)မေတ္တာကာယကံ (၂)မေတ္တာဝစီကံ (၃)မေတ္တာမနောကံ၊ (၄)ရတဲ့ပစ္စည်း ဝေဖန်ပြီးသကာလ သုံးဆောင်မှု ၊ (၅)သီလ မကျိုးမပေါက် မပျောက် မကြားတာတူမှု. . . (မှန်ပါဘုရား)။

(၆) သောတာပတ္တိမဂ်နဲ့ သစ္စာလေးပါးတစ်ပြိုင်တည်း မြင်မှု (၇) ချက်သည် (၆)ချက်မြောက်ဖြစ်တဲ့ သောတာပန် တည်တဲ့ သစ္စာလေးပါး တစ်ပြိုင်တည်း မင်းတို့အကုန်မြင်ကြပြီ ဆိုမှဖြင့် ခုနက ငြင်းခုန်မှု၊ တစ်ယောက်တစ်ယောက်မျက်နှာ မကြည့်နိုင်မှု၊ တစ်ယောက်တစ်ယောက်သည် ကားလို့ဆိုလို့ရှိ ရင် နှုတ်လုံ့ပြန်ထိုးမှု၊ နင်တစ်ခွန်း ငါတစ်ခွန်း ပြောမှုတွေပေါ့ ဗျာ. . . (မှန်ပါဘုရား)။

အဲဒါတွေ အကုန်ငြိမ်းပြီးသကာလ ညီမျှရေးဖြစ်ရမှာဖြင့် ဟောဒီ (၇)ခုမြောက်ဟာ သောတာပန်တည်တဲ့ (၇)ခုမြောက်

ဟာဖြင့် ဒကာ ဒကာမတွေ အရေးအကြီးဆုံးအချက်လို့ မှတ်ပါ . . . (မှန်ပါဘုရား)။

ဒါဖြင့် ဘယ်သူ့နဲ့မှ မမုန်းချင်ဘူး၊ ဘယ်သူနဲ့မှ မချစ်ချင်ဘူး၊ အလုံးစုံတို့နဲ့ပဲ သင့်မြတ်ပြီး သကာလ၊ ရိုးရိုးသင့်မြတ်ပြီး သကာလ၊ စိတ်ချမ်းသာလက်ချမ်းသာနဲ့ နေချင်ရင် သောတာပန် ဖြစ်အောင် လုပ်ပါမှ အကုန်အယူ သီလတူမျှကြမယ် . . . (မှန်လှပါဘုရား)။

နို့မဟုတ်ရင် အမေနဲ့သားပေမယ့် ယနေ့တည့်ပေမယ့် မနက်ဖြန် ရုံးရောက်မယ်. . . (ရောက်ပါမယ်ဘုရား)၊ မရောက်ပေဘူးလား. . . (ရောက်ပါတယ်ဘုရား)၊ သောတာပန်မတည်သေးတော့လေ . . . (မှန်ပါဘုရား)၊ အဖေနဲ့သားနဲ့လည်း မဖြစ်ပေဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

အဲ့ဒီတော့ ယခုအခါမှာဖြင့် ဘယ်သူနဲ့ ဘယ်သူ တည့်တယ်ဆိုတာ မသေချာတာမှန်၏ . . . (မှန်ပါဘုရား)၊ အကြင်လင်မယားပေမယ့် တော်တော်ကြာ ကွဲချင်ကွဲသွားမယ် . . (မှန်ပါဘုရာ)၊ သားနဲ့ အမေနဲ့ကော . . . (ကွဲနိုင်ပါတယ်ဘုရား)။ သမီးနဲ့ အမေနဲ့ကော . . . (ကွဲနိုင်ပါတယ်ဘုရား)။

## အမြင်မတူသရွေ့ ရန်ပွားနေမှာပဲ

ခုနက အမြင်မတူသေးဘူး၊ နိဗ္ဗာန်အမြင်မတူသေးဘူး၊ သစ္စာလေးပါး အမြင်မတူသေးဘူး. . . . (မှန်ပါဘုရား)၊ အဲ ဒီကဲ့သို့ အမြင်မတူသ၍ ကာလပတ်လုံးဖြင့် ကိုယ့် အမြင် သူ့အမြင်နဲ့ ပြားပြီးကာလ ရန်ချည့်ပွားနေမှာပဲ ဆိုတာ ဆုံးဖြတ်ချက်ချပါ. . . (မှန်လှပါဘုရား)၊ ရိပ်မိကြပြီလား. . . (ရိပ်မိပါပြီဘုရား)။

ကဲ. . . ဒါဖြင့် သေတာပန်ဖြစ်ပြီးမှ ဆင်ခြင်မှု (၇)မျိုးကို ကိုယ်တိုင်ဆင်ခြင်ပြီးသကာလ၊ ကိုယ်တိုင်မရောက်သေးတဲ့ ပုဂ္ဂိုလ်က ရောက်အောင်လုပ် . . . (မှန်ပါဘုရား)၊ ရောက်ပြီး သား ပုဂ္ဂိုလ်ကလည်း ဝမ်းမြောက်ပြီးကာလ အထက်တက် အောင်လုပ်ပါ. . . (မှန်ပါဘုရား)။

ဒါကို အများကြီး တိုက်တွန်းတယ်. . . (မှန်ပါဘုရား)။

ကဲ. . . ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု . . .၊ သာဓု . . .၊ သာဓု . . .။